DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၀၃)

# ခံထားရမည့် ကိုယ်ကျင့်တရားရှိသူများ


အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လှူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# စံထားရမည့်ကိုယ်ကျင့်တရားရှိသူများ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/ ၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသကရာဇ် ၁၃၇၁-ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ စစ်ကိုင်းမြို့ ကျောက်တာရွာ၊ ရွာလယ်ကျောင်း ကျောင်းတိုက်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဝါတွင်း ဓမ္မသဘင် (၁၂)ကြိမ်မြောက် ဓမ္မပူဇာပွဲဝယ် ဟောကြားအပ်သော **"စံထားရမည့်ကိုယ်ကျင့်တရားရှိသူများ"** တရားဒေသနာတော်။

လောကမှာကိုယ်ကျင့်တရားဆိုတာ အင်မတန်မှ အရေးကြီးတယ်။ ကိုယ်ကျင့်တရားဆိုတာ ဘယ်ခေတ် ဘယ်အခါ ဘယ်ဒေသ ဘယ်ကာလမှာပဲဖြစ်ဖြစ် လူသားတွေရှိနေသမျှ လိုက်နာကျင့်သုံးရမယ့် လူတို့ရဲ့ ကိုယ်ကျင့်တရားပေါ့။

တစ်ချိန်တစ်ခါတုန်းက လူ့လောကကြီးဟာ အင်မတန်မှငြိမ်းချမ်း သာယာပြီးတော့ လူတွေဟာ သက်တမ်း အလွန်ရှည်ကြာတဲ့ ခေတ်တစ်ခေတ်ကို ကြုံခဲ့ဖူးတယ်။

ခု ဒီကနေ့ခေတ်ကျတော့ လူတွေရဲ့ သက်တမ်းဟာ တိုလာတယ်။ အင်မတန်မှ တိုတောင်းတယ်လို့ ပြောရမယ်။ အသက် ငါးဆယ်ကျော် ခြောက်ဆယ် ဆိုရင် အဘိုးကြီး အမယ်ကြီး ဖြစ်ကုန်ကြပြီ။ ခုနစ်ဆယ် ရှစ်ဆယ်ဆိုလို့ရှိရင် ဘဝတစ်ခု ပြောင်းကြ ရတော့တဲ့ အနေအထားမျိုးကို ရောက်သွားပြီ။ လူ့ရဲ့ သက်တမ်းဟာ ရာဂဏန်းကို မရောက်နိုင်ကြဘူး။ ရာဂဏန်းရောက်တဲ့ ပုဂ္ဂိုလ်ဆိုတာ အလွန်ရှားတယ်။ မြတ်စွာဘုရားသည် ပင်လျှင် သက်တော်ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်စံရတယ်။ ကိန်းဂဏန်းအားဖြင့် တွက်ကြည့်မယ်ဆိုရင် ဒီကနေ့ ခေတ် လူ့လောကကြီးမှာ လူဦးရေသန်းပေါင်း ငါးထောင် ကျော် ရှိတယ်လို့ပြောတယ်။ အဲဒီသန်းပေါင်း ငါးထောင် ကျော်သော လူဦးရေတွေရဲ့ ပျမ်းမျှခြင်း သက်တမ်းဟာ

ဘယ်မှာပဲဖြစ်ဖြစ် တစ်ရာအောက် လျော့နဲပြီးတော့ ရှိတယ်။ အဲတော့ လူ့သက်တမ်းဟာ အလွန်တိုတယ်။

တစ်ကြိမ်တစ်ခါတုန်းကတော့ လူ့သက်တမ်း အလွန်ရှည်ခဲ့တယ်တဲ့။ ဘယ်လောက် ရှည်တုန်းဆိုလို့ ရှိရင် တစ်ခေတ်တုန်းက ဆိုလို့ရှိရင် မန္ဓာတု စကြာမင်းကြီး လူ့ပြည်မှာ နှစ်ပေါင်းများစွာ စိုးစံပြီး မင်းလုပ်တယ်။ ဒါနဲ့ တင်းတိမ်အားရမှုမရှိတဲ့အခါ တာဝတိံသာ နတ်ပြည်တက်ပြီး သိကြားနဲ့ အာဏာ ခွဲဝေယူပြီး သိကြားနဲ့ ယှဉ်ပြိုင်ပြီး နတ်ပြည်ကို အုပ်ချုပ်ခဲ့တယ်။ သိကြားနတ်မင်း သုံးဆယ့်နှစ်ခြောက်ယောက် ပြောင်းသွားတောင်မှ သူက မသေသေးဘူးတဲ့။ သက်တမ်း အလွန်ရှည်တယ်ပေါ့။ အဲတော့ နတ်ထက် အသက်ရှည်တဲ့ခေတ်ဆိုတာ တစ်ခေတ် ကြုံခဲ့ဖူးတယ်။

အေး- လူ့လောကဟာ ရာဇဝတ်မှုတွေ ထူပြောပြီးတော့ ဒုစရိုက်တွေ များလာသည့်အတွက်ကြောင့် သက်တမ်းတွေဟာ တဖြည်းဖြည်း ကျလာတယ်။ မထိန်းနိုင် မသိမ်းနိုင်လောက်အောင် ကျလာပြီး နောင်

လည်းပဲ ဆက်ပြီးတော့ သက်တမ်းဟာ ကျဖို့ရှိသေးတယ်။

သို့သော် ထိုသက်တမ်းတွေကို ကျမသွားအောင် ထိန်းသိမ်းနိုင်တဲ့ နည်းလမ်းကတော့ ကိုယ်ကျင့်တရားပဲတဲ့။ ကိုယ်ကျင့် တရားဟာ ရှေးခေတ်ကလည်း ဒီကိုယ်ကျင့်တရားပဲ၊ ကနေ့ခေတ်မှာလည်းပဲ ဒီကိုယ်ကျင့်တရားပဲ။ သို့သော် သက်တမ်းရှည်တဲ့ ခေတ်မှာ ဟောဒီကိုယ်ကျင့်တရားကို အလေးအနက်ထားပြီး စောင့်ရှောက်ကြတယ်။ သက်တမ်းတိုတဲ့ ခေတ်မှာဆိုရင် ဟောဒီကိုယ်ကျင့်တရားကို အလေးမထားကြဘူးတဲ့။ အလေးမထားသည့်အတွက်ကြောင့် လူ့လောကကြီးဟာ ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့ပြီးတော့ နေကြရတယ်။

မြန်မာလူမျိုးတွေ ပြောလေ့ရှိကြတယ် "ဘယ်သူမပြု မိမိမှု" တဲ့ ဟုတ်လား? ကိုယ်လုပ်ခဲ့တာတွေ၊ ကိုယ်လုပ်တာတွေကို ကိုယ်ခံနေကြရတယ်။ ဤကနေ့ခေတ်ကြီးမှာ ပြောကြတယ်၊ Ozone လွှာကြီးပါးလို့ ရာသီဥတုတွေ ပူပြင်းလာတယ်လို့ ဒီလိုပြောကြတယ်။

ဘာဖြစ်လို့ Ozone လွှာ ပါးသလဲဆိုလို့ရှိရင် လူတွေကြောင့်ဖြစ်တယ်။ အေး သူတို့ကတော့ တွေးလို့ ကြည့်လို့ မြင်တဲ့ အကြောင်းအရာတွေပဲ လိုက်ပြီးရှာတယ်။

တကယ် လူ့လောကကြီး ပူနွေးလာတာဟာ ဘာကြောင့်တုန်းဆိုရင် လူတွေရဲ့ သန္တာန် အတွင်း အဇ္ဈတ္တမှာ လောဘမီးတွေကလည်းတောက်၊ ဒေါသမီးတွေကလည်းတောက်၊ မောဟမီးတွေကလည်းတောက် ဟောဒီမီးတွေ တောက်နေလို့ လူ့ခန္ဓာကိုယ်ကထွက်တဲ့ အပူငွေ့တွေကလည်း အင်မတန်မှ ကြီးမားလာတယ်၊ လောကကြီး မပူဘဲနေမလား။ ပူမှာပဲနော်။

အေး လူသတ္တဝါတွေက ရာခိုင်နှုန်းနဲ့ ပြောရရင် ဘုန်းကြီးတို့ ကျောက်တာရွာမှာ ကိုယ့်ဟာကိုယ်ပဲ စဉ်းစားကြည့်၊ ရာခိုင်းနှုန်းနဲ့ တွက်ကြည့်ရအောင်။ ဒီရွာမှာ ကိုယ်ကျင့်တရားပျက်ပြားတဲ့လူကများသလား? ကိုယ်ကျင့်တရားကောင်းတဲ့လူကများသလား? ဆိုတာ ရာခိုင်နှုန်းနဲ့တွက်၊ တစ်ကမ္ဘာလုံးမှာလည်းပဲ ရာခိုင်နှုန်းနဲ့ တွက်။ ကိုယ်ကျင့်တရား ပျက်ပြားတဲ့ ပုဂ္ဂိုလ်တွေဟာ

နေရာအနှံ့အပြားမှာ ရာခိုင်နှုန်း တိုးတက်လာတယ်တဲ့၊ ကိုယ်ကျင့်တရားကောင်းတဲ့လူ ရာခိုင်နှုန်း လျော့နဲလာတယ် ဒါကပြဿနာပဲ။

ဘုန်းကြီးတို့ တစ်တွေ ငယ်စဉ်ကာလတုန်းက **အကြမ်းဖက်သမား** ဆိုတာ မကြားဖူးဘူးနော်၊ အပြစ်မရှိတဲ့လူတွေသေအောင် ဗုံးခွဲတိုက်ခိုက်တဲ့ အကြမ်းဖက်သမားဆိုတာ လုံးဝမကြားဖူးဘူး။ ဒီလူမုန်းရင် ဒီလူသတ်တာတော့ရှိတယ်။ ဒီကနေ့ခေတ် သတင်းစာထဲတို့ Radio ထဲတို့ နားထောင်မယ်ဆိုရင် အကြမ်းဖက်သမားဆိုတာတွေရယ် ဟိုနိုင်ငံ ဒီနိုင်ငံမှာ ဗုံးခွဲတိုက်ခိုက်လူတွေမြောက်မြားစွာ သေတယ်ဆိုတာရော မကြားဘူးလား? ရှေးတုန်းက မကြားဖူးတာတွေကြားတယ်။

အဲတော့ မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတယ်၊ အလွန့်အလွန်ပြင်းထန်တဲ့ ဒေါသ၊ အာဃာတတွေဟာ လူတွေရဲ့ရင်ထဲနှလုံးထဲမှာ ရောက်လာပြီတဲ့။ အမှုမဲ့ အမှတ်မဲ့ မနေကြနဲ့ဟုတ်ကဲ့လား?

လူတွေရဲ့ရင်ထဲနှလုံးသားထဲမှာ မေတ္တာ အအေး ဓာတ်တွေက တဖြည်းဖြည်း လျော့နဲလာပြီးတော့ ဒေါသဆိုတဲ့ အပူဓာတ်တွေ ကမ္ဘာကြီးတောင် ပူနွေး လာတဲ့အချိန် ရောက်လာပြီ၊ တော်တော်နဲ့ မအေးနိုင် တော့ဘူး ဟုတ်ကဲ့လား?

အေး ဒါကြောင့်မို့လို့ တစ်နေရာတစ်ဒေသ ဆိုလို့ ရှိရင် "ဘယ်သူတွေ တရားပျက်ပျက် ကိုယ်မပျက် စေရဘူး" ဆိုတာမျိုးကို ကိုယ့်ရဲ့ ရင်ထဲ နှလုံးထဲမှာ ခေါင်းထဲမှာ စွဲထားဖို့တော့ လိုအပ်တယ်တဲ့။ လောက ကြီးမှာ ဘယ်သူတွေတရားပျက်ပျက် ကိုယ် မပျက် စေရဘူး ဆိုတဲ့ဟာ ရှိကိုရှိရမယ်။

အေး- ခေတ်ကောင်းတဲ့ အချိန်အခါကာလ တုန်းက တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ စကြဝတေး မင်းကြီးဆိုတာ ရှိတယ်။ တစ်ခေတ်တုန်းက စကြဝတေး မင်းတွေ ပေါ်ထွန်းခဲ့ဖူးတယ်။ အဲဒီ စကြဝတေးမင်းက တိုင်းသူပြည်သားတွေကို အုပ်ချုပ်တဲ့အခါမှာ ဆုံးမ

ဩဝါဒပေးတာ ငါးချက်ထဲပဲ။ လူတွေလိုက်နာရမှာက အများကြီးမဟုတ်ဘူး။ ငါးခုထဲပဲ။

အဲဒီငါးခုက ဘာတုန်းဆိုရင် သူတို့ပြောတဲ့စကားနဲ့ ပြောမယ်ဆိုရင် **ပါဏော န ဟန္တဗ္ဗော** – သက်ရှိသတ္တဝါတွေကို မသက်ကြနဲ့တဲ့၊ ဟုတ်တဲ့လား။ သက်ရှိသတ္တဝါတွေကို မသတ်ထိုက်ဘူး၊ မင်းတို့ မသတ်ကြနဲ့တဲ့။ ဒါက လူတွေလိုက်နာရမယ့် အချက်တစ်ခုနော်။

**အဒိန္နံ နာ ဒါယိတဗ္ဗံ**–သူတစ်ပါးမပေးတဲ့ ပစ္စည်းကို မင်းတို့ မရိုးမသားမယူချင်ကြနဲ့။

**ကာမေသု မိစ္ဆာ န စရိတဗ္ဗာ** – သူတစ်ပါး သားမယားတွေ မပစ်မှားကြနဲ့ မကျူးလွန်ကြနဲ့။

**မုသာ န ဘဏိတဗ္ဗာ** – လိမ်မပြောကြနဲ့ မှန်တာပဲ ပြောကြ။

**မဇ္ဇံ န ပါတဗ္ဗံ** – မူးယစ်ဆေးဝါး သေရည်သေရက်၊ အရက် ဘီယာ မူးယစ်စေတတ်တဲ့ အရာတွေကို မသောက်ကြနဲ့၊ ဟုတ်တဲ့လား? ထန်းရည်ကစ မူးယစ်စေတတ်တဲ့ အရာတွေကို မသောက်ရဘူး။

စကြာမင်းကြီးက တိုင်းခန်း လှည့်လည်ပြီးတော့ တိုင်းသူပြည်သားတွေကို ဆုံးမ ဩဝါဒပေးတာ ဒီငါးခု ထဲပဲ။

ဒီ ငါးခု လုံပြီးတော့ နေမယ်ဆိုလို့ရှိရင် လူ့လောက ကြီးက တကယ့်ရွှေခေတ်ပဲ၊ ငြိမ်းချမ်းနေမှာပဲ၊ သာယာ နေမှာပါ။

ကဲ-စဉ်းစားကြည့်၊ ဒီပြောတဲ့ စည်းကမ်းငါးချက် လိုက်နာတဲ့လူဟာ ဘယ်လောက်ရှိမလဲ၊ လူတိုင်း လိုက်နာကြရဲ့လား? သူများအသက် မသတ်နဲ့ ဒီစကား ကို လူတိုင်းလိုက်နာရဲ့လား? မနာဘူးနော်၊ သူများ လိုက်နာတာ မလိုက်နာတာ မသိဘူး၊ ကိုယ့်ကိုယ်ကိုယ် လည်း ဆန်းစစ်ပြီးတော့ကြည့်၊ ငါရောလိုက်နာရဲ့လား ဒီအချက်လေးကို ဟုတ်ကဲ့လား? သူများအသက်လို့ ဆိုတဲ့ နေရာမှာ ခြ၊ ပုန်း၊ ပုရွက်၊ ခြင်ကောင်ကစ ကြမ်းပိုးကအစ သူများအသက်ပဲ၊ ဟုတ်ကဲ့လား?

ချွင်းချက် မရှိဘူး၊ သူများအသက် မသတ်ရဘူး ဆိုတာ ဘာမှကို မသတ်ရတာနော်၊ လောကလူတွေဟာ

ပါဏာတိပါတ အမှုရှောင်တဲ့ ပုဂ္ဂိုလ်နဲ့ မရှောင်တဲ့ပုဂ္ဂိုလ် ဘယ်ကများမယ်ထင်တုန်း? မရှောင်တဲ့ ပုဂ္ဂိုလ်က များတယ်။ ရှောင်တဲ့ပုဂ္ဂိုလ်က အလွန်နဲတယ်တဲ့။ ရာခိုင်နှုန်းနည်းလာတော့ လူတွေရဲ့ ကိုယ်ကျင့်တရား ဆိုတာ တဖြည်းဖြည်း ရှိပါဦးမလား?

ကိုယ်ကျင့်တရားဆိုတာ ကိုယ်ကိုယ်တိုင် လိုက်နာ ကျင့်သုံးရမယ့်တရား။ ကိုယ့်လက်နဲ့ ဘယ်သူမှ အသက် မထွက်စေရဘူး၊ ဘယ်သတ္တဝါမှ ကိုယ့်လက်နဲ့ မသေဆုံး စေရဘူး။ အေး ကျောက်တိုင်ရွာက ဒကာဒကာမတွေ ဒီကနေ့ကစပြီး ပါဏာတိပါတ မကျူးလွန်ဘူးလို့ စိတ် ဆုံးဖြတ်ကြရမယ်။

ဘယ်သူတွေ တရားပျက်ပျက် တို့ ကိုယ်ကျင့် တရား မပျက်စေရဘူးလို့ အဓိဋ္ဌာန် မသင့်ဘူးလား? အဓိဋ္ဌာန်သင့်တယ်နော်။

ဟော နောက်တစ်ခုကကြည့် **အဒိန္နာဒါနာ** ဒါတဖွဲ့ သူများမပေးတဲ့ပစ္စည်းကို မယူရဘူးလို့ ဆိုတဲ့နေရာမှာ ခိုးတာတစ်ခုတည်းမဟုတ်ဘူး။ လိမ်ပြီးတော့ ယူတာ၊

ညာပြီးတော့ယူတာ၊ ဈေးရောင်းတဲ့ အခါမှာ မကောင်းတာနဲ့ကောင်းတာ လဲထည့်တာတို့ အလေးခိုးတာတို့ ကစ ခိုးတာပဲ ဟုတ်ကဲ့လား?

သူများမပေးတဲ့ပစ္စည်း မယူရဘူးဆိုတဲ့ ဒီကိုယ်ကျင့်တရားဟာလည်းပဲ ဒီကနေ့ ပျက်ပြားနေတာတွေက များလာတယ်။ ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်တဲ့ တစ်ခေတ်တစ်ခါတုန်းက မိမိတို့နေအိမ်တွေဆိုတာ တံခါးပိတ်တာတို့ သော့ခတ်တာတို့ မရှိဘူး။ ဒီကနေ့ခေတ် တံခါးပိတ်ကြသလား? သော့ခတ်ကြသလား? ပိတ်တယ်နော် ဘာဖြစ်လို့ ပိတ်ရတာတုန်းလို့ အဖြေကိုကြည့်မယ်ဆိုရင် ဒီ ကိုယ်ကျင့်တရားပျက်နေလို့တဲ့။

အေး ဒါ့ကြောင့်မို့လို့ ဒီ ကိုယ်ကျင့်တရားရှိရင် ဒီကိုယ်ကျင့်တရားနဲ့ ပြည့်စုံလုံလောက်မယ် ဆိုလို့ရှိရင် ဘယ်လောက် ငြိမ်းချမ်းမလဲ စဉ်းစားကြည့်ပေါ့နော်။

နောက်တစ်ခု **ကာမေသု မိစ္ဆာ** နှ **စရိတာ** ကာမဂုဏ်အာရုံတွေနဲ့ ကာမကိစ္စတွေနဲ့ ပတ်သက်ပြီး

တော့ မှားမှားယွင်းယွင်း မဖြစ်စေကြနဲ့။ လူ့လောက လူတွေ လိုက်နာရမယ့်ကျင့်ဝတ်ဆိုတာ ရှိတယ်။ ကိုယ့်သား ကိုယ့်သမီး ကိုယ့်ဇနီး ဒီလိုရှိကြတယ် ဟုတ်ကဲ့လား?

အဲဒါမဟုတ်ဘဲနဲ့ စည်းကမ်းကလနားတွေ ဖောက်ဖျက်ပြီးတော့ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်နေမယ်ဆိုလို့ရှိရင် ဖောက်ဖောက်ပြန်ပြန်ဖြစ်တဲ့ မိသားစုဟာ စိတ်ချမ်းသာမှု ရဦးမလား? မရတဲ့အခါကျလို့ရှိရင် ဘာဖြစ်မလဲ ဒေါသတွေ အာဃာတတွေ ဖြစ်လာမယ်။ အဲဒီကနေဆက်နွယ်ပြီးတော့ လူသတ်မှုတွေ ဖြစ်လာနိုင်တယ် ဟုတ်ကဲ့လား? အေး ဒါ့ကြောင့်မို့လို့ ကာမကိစ္စတွေမှာလည်းပဲ မှားမှားယွင်းယွင်း ဆိုတာ မဖြစ်စေကြနဲ့။

အကယ်၍သာ ဒီကျင့်ဝတ် လုံလုံလောက်လောက်ကိုယ်ကျင့်တရားနဲ့ ပြည့်စုံပြီဆိုရင် အဲဒီပြည့်စုံတဲ့ရွာ ပြည့်စုံတဲ့မြို့ ပြည့်စုံတဲ့နိုင်ငံဟာ ချမ်းသာနေမှာပဲ။ အဲဒီလိုမပြည့်စုံဘူးဆိုလို့ရှိရင် လူ့လောကရဲ့ လူ့ရဲ့

အသိုင်းအဝိုင်း လူ့ရဲ့အဖွဲ့အစည်းကြီးဟာ ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်ဘူး။ စိတ်မချရတဲ့ အဖွဲ့အစည်းကြီး ဖြစ်မနေဘူးလား? အေး ဒါ့ကြောင့်မို့လို့ ဒီကိုယ်ကျင့် တရားဟာလည်း အင်မတန်မှ အရေးကြီးတယ်။

နောက်တစ်ခုက **မုသာ** နဲ့ **ဘဏိတဗ္ဗာ** လိမ်လည် လှည့်စားမပြောနဲ့တဲ့၊ မှန်တာကိုပြော၊ ခုခေတ်ကျတော့ လူတွေကဘာပြော၊ မုသားမပါ လက်ာမချောဘူးတဲ့ ဟုတ်ကဲ့လား? လက်ာလေးချောချင်လို့ မုသားလေး နဲနဲ ထည့်လိုက်ဦးမယ်၊ နဲနဲတင်မကပါဘူး အတုံးလိုက် အတစ်လိုက် ဟုတ်လား?

မုသားမပါလက်ာမချောဆိုတော့ အကုန်လုံးကို စင်းလုံးချော မုသားစကား ဖြစ်သွားတယ်။ အဲဒီကနေ ရှေ့ဆက်တဲ့အခါ ဘာတဲ့ "မိုးလုံးပြည့် မုသာဝါဒ" ဆိုတာ ဟုတ်လား? တစ်မိုးလုံးတောင် ပြည့်သွားတယ် မုသာဝါဒ ဖြစ်သွားတယ်။

အေး မမှန် မကန် ပြောတာလည်းပဲ လူတွေရဲ့ တစ်ဦးနဲ့တစ်ဦး လူ့လောက အဖွဲ့အစည်းကြီးဟာ

စိတ်ဝမ်းကွဲစရာမဖြစ်ဘူးလား? လူတစ်ယောက်က ကိုယ့်ကိုလိမ်သွားတယ်ဆိုရင် ဘယ်လို ဘယ်လောက် ခံပြင်းကြမလဲ? ဟုတ်ကဲ့လား?

ငါ့ကို မဟုတ်ဘဲနဲ့ လိမ်ပြောရပ့ါမလားဆိုပြီးတော့ စိတ်ဆိုးကြတယ် မဟုတ်လား? စိတ်ဆိုးတယ် ဆိုကတည်းက ညီညွတ်ရေးတွေ ပျက်ပြားသွားပြီတဲ့။ ဒ့ါကြောင့်မို့လို့ ဒီ ကိုယ်ကျင့်တရားကိုလည်းလုံဖို့ အင်မတန် အရေးကြီးတယ်နော်။

ဟော နောက်ဆုံးတစ်ခုက ဘာတုန်းဆိုရင် **မန္တံ န ပါတဗ္ဗံ** မူးယစ်တဲ့ အရက်သေစာ ဘိန်းတို့ ကစော်တို့ ထန်းရည်တို့ Beer တို့ ဘာပဲဖြစ်ဖြစ် မူးယစ်စေတတ်တဲ့ အရာတွေကို မသောက်ရဘူးတဲ့။

အဲဒါတွေသောက်ပြီဆိုရင် ဘာဖြစ်ကြလဲ၊ လူ့လောကထဲမှာ ဟာ ဒီကောင်က အရက်သမား အပေါင်းအသင်းမလုပ်ကြနဲ့၊ ဒီကောင်က အသောက်အစားတွေ များတယ် မပြောကြဘူးလား?

အိမ်ထောင်စု တစ်ခုမှာတောင်မှပဲ အရက်သမား တစ်ယောက်ပါလာပြီဆိုလို့ရှိရင် တော်တော်ဒုက္ခရောက်ကြတယ်နော်။ သူများတွေကလည်းပဲ သောက်တတ်စားတတ်တဲ့လူကို ကိုယ့်သားသမီးနဲ့ ထိမ်းမြား လက်ထပ်ပေးချင်တဲ့စိတ် ဘယ်သူမှ ရှိမှာမဟုတ်ဘူးနော်။ အေး ဒါ့ကြောင့်မို့လို့ **မဇ္ဇ န ပါတဗ္ဗံ** ဆိုတဲ့ ကိုယ်ကျင့်တရားဟာလည်း အင်မတန်မှ အရေးကြီးတယ်။

ဘာဖြစ်လို့ အရေးကြီးတာတုန်းလို့ ကြည့်လိုက်မယ်ဆိုရင် မူးယစ်တဲ့ လူတစ်ယောက်ဟာ အတွေးအခေါ်တွေ မှန်ပါဦးမလား? အတွေးအခေါ် မမှန်ဘူးဆိုကတည်းက သူ့အတွက် ပညာရေး သူ့ပတ်ဝန်းကျင်ရဲ့ ကောင်းစားရေး စီးပွားရေး ပညာရေးဆိုတာမျိုးတွေကို သူ ဖြောင့်ဖြောင့်မတ်မတ် ဆောင်ရွက်နိုင်ပါ့မလား?

မဆောင်ရွက်နိုင်သည့် အတွက်ကြောင့် သူ့ကိုယ်ကျိုးလည်း ပျက်ပြားတယ်၊ သူ့မိသားစု သူ့ပတ်ဝန်းကျင်ရဲ့ အကျိုးတရားတွေလည်း ပျက်စီးတယ်။ ဪ ဒါ့ကြောင့်မို့လို့ ဒီကိုယ်ကျင့်တရား ပျက်ပြား

သွားပြီဆိုလို့ရှိရင် လူ့လောက လူ့အဖွဲ့အစည်းကြီးက ဆုတ်ယုတ်ဖို့ပဲနော်။

အရက်သေစာသောက်စားလို့ မူးယစ်နေသည့် ပုဂ္ဂိုလ်သည် ပါဏာတိပါတ အမှု ကျူးလွန်ဖို့လည်း လွယ်တယ်၊ သူများပစ္စည်း မတော်မတရားယူဖို့လည်း လွယ်တယ်။

ကြားဖူးတယ်မဟုတ်လား၊ ရှေးတုန်းက ဓားပြ တိုက်တဲ့လူတွေ အရက်သောက်ပြီးမှ ဓားပြတိုက်ကြတာ၊ အရက်ကလေးဝင်လာမှ သူတို့ကလည်း ဟေးလား ဝါးလား ဆဲဆိုပြီးတော့ ကြိမ်းမောင်း လူတွေဆီက လုယက်ကြတာ ဟုတ်ကဲ့လား? သူတစ်ပါးသားမယား စော်ကားမယ် ဆိုလို့ရှိရင်လည်း ရဲဆေးတင်တယ်တဲ့၊ ရဲဆေးတင်မှ အကုသိုလ်အလုပ်လုပ်နိုင်တယ်၊ လိမ်ပြော တာလဲ ရဲဆေးတင်ပြီးတော့ပြောတာ ဖြစ်လောက် တယ်။

အေး- အားလုံးသည် သေရည်သေရက် မူးယစ် ဆေးဝါး မသောက်စားရဘူးဆိုတဲ့ ကိုယ်ကျင့်တရား

ပျက်ပြားသွားတာနဲ့ တပြိုင်နက် ကျန်တာတွေလည်း မလုံတော့ဘူးတဲ့၊ အဲလိုဆိုလိုတာ။

အဲတော့ စကြာဝတေးမင်းကြီးတွေက တိုင်းပြည် အုပ်ချုပ်တဲ့အခါမှာ လူတွေကို ဆုံးမတာ ဟောဒီ (၅)ချက်တည်းပဲ၊ တခြားဟာမပါဘူး၊ စည်းမျဉ်းတွေ အများကြီးထုတ်စရာမလိုဘူး။ ဟောဒီ ကိုယ်ကျင့်တရား တွေ မပျက်ပြားစေနဲ့တဲ့။

အဲဒီ(၅)ချက်နဲ့ လူ့လောကကြီးဟာ ကြီးပွား တိုးတက်လာခဲ့ကြတယ်။ အဲဒီ(၅)ချက် ပျက်ပြားသွားပြီ ဆိုရင် လူ့လောကကြီးဟာ ဆုတ်ယုတ်ဖို့ပဲ ဒုက္ခသုက္ခ တွေနဲ့ ကြုံကြရတယ်။ ဒီလို ကြုံတာလည်း ခုခေတ်မှ မဟုတ်ဘူး၊ ခေတ်အဆက်ဆက်ဟာ ဒီလိုကြုံခဲ့တယ်။

ဟောဒီ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီးတော့ စံထားရမယ့် ပုဂ္ဂိုလ်တွေ တစ်ခေတ်တစ်ခါတုန်းက ပေါ်ခဲ့တယ်။ မြန်မာပြည်မှာတော့ မဟုတ်ဘူး၊ အိန္ဒိယ နိုင်ငံမှာ ပေါ်ခဲ့တယ်၊ မြန်မာပြည်မှာလည်း ရှိကောင်း ရှိမယ်။

အဲဒီမှာ စံထားရမယ့်ပုဂ္ဂိုလ်တွေ မြတ်စွာဘုရား မပွင့်ခင် အချိန်တုန်းက အလွန်ရှေးကျတဲ့ ခေတ်ကာလ တုန်းက ကုရုတိုင်း ဆိုတာရှိတယ်။ ဒီကနေ့ခေတ်နဲ့ ပြောမယ်ဆိုရင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းမှာ ကုရုတိုင်း လို့ခေါ်ရတဲ့ ဒေသတစ်ခုရှိတယ်ပေါ့၊ ရှေးအခေါ်နဲ့။

အဲဒီမှာ ဣန္ဒပတ္ထ ဆိုတဲ့ မြို့မှာ ဓနဥ္စယ ဆိုတဲ့ မင်းကြီး မင်းပြုခဲ့တယ်တဲ့။ အဲဒီမင်းကြီးမှာ သားတော် မွေးဖွားလာတဲ့အခါ အဲဒီ သားတော်ဟာ ကိုယ်ကျင့် တရား အင်မတန်ကောင်းတဲ့ သားတစ်ပါး။

ဘုရားအလောင်း မွေးဖွားပြီးတော့ လာတယ်၊ အင်မတန် ကိုယ်ကျင့်ကောင်းတဲ့ သားတော်တစ်ပါး မွေးဖွားလာလို့ ဖခင်ဘုရင်ကြီး နတ်ရွာစံသွားတဲ့အခါ အဲဒီမင်းက တိုင်းပြည်အုပ်ချုပ် မင်းလုပ်တယ်။

တိုင်းပြည်က အင်မတန်မှ သာယာဝပြောတယ်၊ ဘာဖြစ်လို့လဲ ကိုယ်ကျင့်တရားကောင်းတဲ့ပုဂ္ဂိုလ် ဟုတ်ကဲ့လား? အင်မတန် သာယာဝပြောတယ်။

အဲဒီဘုရင်ကြီးစီးတဲ့ ဆင်ဟာလည်းပဲ အညိုရောင် အဆင်းရှိတယ်၊ **အဉ္စနဝဏ္ဏ**လို့ ခေါ်တယ်၊ ဆင်ညိုကြီး ပေါ့။

ဘုရင်ကြီးက ဘယ်လောက်စေတနာကောင်းလဲ ဆိုလို့ရှိရင် မြို့တံခါးလေးပေါက်မှာ မဏ္ဍပ်ကြီး(၄)ခု၊ မြို့လယ်ခေါင်မှာ မဏ္ဍပ်တစ်ခု၊ သူနေတဲ့ နန်းတော် တံခါးဝမှာ မဏ္ဍပ်တစ်ခုဆိုပြီး အားလုံး မဏ္ဍပ်(၆)ခု ရှိတယ်။ အဲဒီ မဏ္ဍပ်ကြီး (၆)ခုနဲ့ နေ့စဉ်နဲ့အမျှ အလှူ အတန်း ပေးတယ်။

အလှူအတန်းပေးလို့ ဒီကနေ့လိုမျိုး မအောက်မေ့နဲ့၊ အဲဒီခေတ်က ဘုန်းကြီး မရှိဘူးနော်။ လာသမျှ လူတွေကိုကျွေးတာ၊ အရပ်လေးမျက်နှာက ရောက်လာတဲ့ ပုဂ္ဂိုလ်တွေ၊ အေး- တောင်ဘက်က ဝင်လာရင် တောင်ဘက် မဏ္ဍပ်က ကျွေးလွှတ်လိုက်တယ်၊ အနောက်ဘက်ကဝင်လာရင် အနောက်မုခ်မှာရှိတဲ့ အနောက်တံခါး မဏ္ဍပ်က ကျွေးလိုက်တယ်၊ မြောက် ဘက်ကလာတဲ့ပုဂ္ဂိုလ်တွေကို မြောက်တံခါး မဏ္ဍပ်က

ကျွေးတယ်၊ အရှေ့ဘက်ကလာတဲ့လူတွေကို အရှေ့တံခါးက၊ မြို့ထဲရောက်နေတဲ့ ပုဂ္ဂိုလ်တွေကို အလယ်မြို့လယ်ခေါင်မှာရှိတဲ့ မဏ္ဍပ်က ကျွေးတယ်။ အဲဒီနားနေပြီးတော့ ဘုရင့်နန်းတော်ဘက် ရောက်လာပြီဆိုရင် နန်းတော်ရဲ့တံခါးဝက မုခ်တံခါးကနေပြီးတော့ မဏ္ဍပ်ကနေ ကျွေးတယ်၊ အေး ဟုတ်ကဲ့လား?

အဲဒီလို ကုသိုလ်ကောင်းမှုနေ့စဉ်နဲ့အမျှ စွန့်ကြဲပေးကမ်းလှူဒါန်းပြီးတော့နေတာ၊ အဲဒီလို ဏ္ဍာနုပဏ္ဍဆိုတဲ့ ကုရုတိုင်းကမြို့ကြီးက အင်မတန်မှ သာတောင့်သာယာဖြစ်ပြီးတော့ ကိုယ်ကျင့်တရားလည်း အင်မတန်မှ ကောင်းကြတယ်။

ဘုရင်ကြီးကလည်း ကိုယ်ကျင့်တရား ကောင်းတယ်၊ ဘုရင့်မယ်တော်ကြီးကလည်း ကောင်းတယ်၊ မိဖုရားကြီးကလည်း ကိုယ်ကျင့်တရား ကောင်းတယ်၊ အိမ်ရှေ့မင်းကလည်း ကိုယ်ကျင့်တရားကောင်းတယ်၊ ဒါတင်မကဘူး ပုရောဟိတ် ပုဏ္ဏားကြီးကလည်း ကိုယ်ကျင့်တရားကောင်းတယ်တဲ့။ တိုင်းပြည်မှာ တာဝန်

ထမ်းနေတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုရင်နဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေ အားလုံးဟာ ကိုယ်ကျင့်တရားပြည့်စုံကြတယ်တဲ့နော်။

အဲဒါကြောင့်မို့လို့ မိုးလေဝသ မှန်ကန်ပြီးတော့ အင်မတန်မှ သာယာဖွံ့ဖြိုးနေတဲ့ သူတို့နိုင်ငံမှာ ချမ်းချမ်း သာသာ အဲလိုနေရတယ်။

တစ်ဖက်ကနေ ကြည့်လိုက်တဲ့အခါ အိန္ဒိယ တောင်ပိုင်း ကနေ့ခေတ်မှာ ကာလိင်္ဂတိုင်းလို့ ခေါ်တယ်၊ ကနေ့ခေတ်ကျတော့ ဩရိသပြည်နယ်လို့ ခေါ်တယ် ပေါ့။ ကလကတ္တားမြို့ကနေပြီးတော့ တောင်ဘက်ကို ထွက်သွားတဲ့အခါ မိုင်တော်တော်များများ ဝေးတဲ့နေရာ မှာ ဩရိသဆိုတဲ့ ပြည်နယ်ရှိတယ်။ အဲဒီ ဩရိသ ပြည်နယ်ထဲမှာ ကာလိင်္ဂတိုင်းဆိုတာရှိတယ်။

အဲဒီ ကာလိင်္ဂတိုင်းက ဒန္တပူရမြို့မှာတော့ လူတွေ မှာ အခက်အခဲတွေကြုံတွေ့နေကြတယ်၊ ဘာဖြစ်လို့လဲ၊ မိုးတွေတအားခေါင်နေတယ် ။ မိုးတွေတအားခေါင်လာ တဲ့အခါ စိုက်လို့ပျိုးလို့ ရပါ့မလား? စိုက်ပျိုးထားတဲ့ ဆန်ရေစပါးတွေ ကောက်ပင်တွေလည်း ညှိုးခြောက်၊

သီးနှံပင်တွေလည်း အကုန်လုံး ညှိုးခြောက်၊ မိုးတွေ ခေါင်ပြီးတော့ ဆင်းရဲဒုက္ခ ရောက်နေတယ်။

အဲဒီလို မိုးတွေခေါင်ပြီးတော့ ဆင်းရဲဒုက္ခ ရောက်တော့ ဘာဖြစ်တုန်းဆိုရင် မိုးခေါင်တာက ကပ်ဆိုးကြီး တစ်ခုပေါ့နော်၊ မိုးခေါင်လာတဲ့အခါ၊ စပါးတွေဘာတွေ စိုက်လို့ပျိုးလို့ မအောင်တဲ့အခါကျတော့ အစာရေစာ ရှားပါးပြီးတော့ မသွားဘူးလား?

အေး- စားစရာ ရှားပါးလာတာ အခက်အခဲကြီး တစ်ခု၊ ဘေးရန်ကြီးတစ်ခု။ အစာအာဟာရ မပြည့်စုံကြတဲ့အခါကျတော့ လူ့လောက လူတွေမှာ ရောဂါဝေဒနာတွေ ထူပြောလာတယ်တဲ့။ အဲဒါက ရောဂါကပ်ဆိုးကြီး ဆိုက်တာကတစ်ခု ဆိုတော့ ကပ်သုံးပါးလို့ ပြောရမှာပေါ့။

မိုးခေါင်တာက အခက်အခဲတစ်ခု၊ မိုးခေါင်လို့ အစာရေစာ ရှားပါးတာ ပြဿနာတစ်ခု၊ ရောဂါတွေ ဖြစ်ကြတာက ပြဿနာတစ်ခု သူတို့နိုင်ငံမှာ အင်မတန်မှ ဆင်းရဲ ဒုက္ခရောက်ကြတယ်။

မိုးခေါင်ပြီဆိုလို့ရှိရင် ဘယ်နည်းနဲ့ ဖြေရှင်းကြမလဲ၊ အခုမြန်မာပြည်မှာတော့ မိုးခေါင်ပြီဆိုရင် ဘာလုပ်ကြလဲ? လွန်ဆွဲကြတယ် လွန်ဆွဲကြတယ် လွန်ဆွဲတာနဲ့လည်း မိုးရွာတယ်လို့ လူတွေကထင်နေကြတာ လွန်ဆွဲတာနဲ့တော့ မိုးကရွာမယ် မထင်ပါဘူး။ ဒါပေမယ့် ဒီကနေ့ထိ လွန်ဆွဲတာ မိုးရွာတယ်လို့ပဲ လူတွေက ယူဆနေတယ်။

အဲဒီခေတ်တုန်းကတော့ မိုးခေါင်ပြီဆိုရင် ဘာလုပ်ကြတုန်းဆိုတော့ တိုင်းပြည်အုပ်ချုပ်တဲ့မင်းရဲ့ နန်းတော်ကို ပြည်သူပြည်သားတွေကသွားပြီး "အရှင်မင်းကြီး၊ မိုးတွေခေါင်နေတယ်၊ မိုးတွေခေါင်လို့ စိုက်လို့ပျိုးလို့ စပါးပင်တွေစိုက်လို့မရဘူး၊ လူတွေလည်း ဒုက္ခရောက်တယ်၊ ရောဂါတွေလည်း ဖြစ်တယ် မိုးရွာအောင်လုပ်ပါ" တဲ့။

ဘယ်လိုလုပ်ရတုန်းဆို ကြည့်- မိုးရွာအောင် လုပ်တဲ့နည်း၊ လွန်ထဆွဲတာ မဟုတ်ဘူး အဲဒီမှာနော်။ ဘာလုပ်တုန်းလို့ဆိုတော့ ဘုရင်ကြီးက ဒါနကောင်းမှု လုပ်ပြီး

တော့ ဥပုသ်သီလ ဆောက်တည်တယ်။ ဆောက်တည်ပြီးတော့ နန်းတော်ထဲမှာ သမန်းမြက်ခင်းပြီးတော့ (၇)ရက်တိတိ အဓိဋ္ဌာန်ပြီးတော့ အိပ်ရတယ်တဲ့။

ကြည့်နော်- ရှေ့ပိုင်းမှာ အလှူအတန်း လှူဒါန်းပေးကမ်းခြင်းဆိုတဲ့ ဒါနကိုလုပ်ရတယ်၊ ဥပုသ်သီလကို ဆောက်တည်ရတယ်။ ပြီးတော့မှ မိုးရွာဖို့ရန် အဓိဋ္ဌာန်ပြီးတော့ သမန်းမြက်ခင်းပြီးတော့ အိပ်တယ်တဲ့။ ဒါ အဲဒီခေတ်တုန်းက မိုးရွာအောင်လုပ်တဲ့ နည်းတစ်နည်းပေါ့နော်၊ လွန်ဆွဲတာမဟုတ်ဘူးနော်။

အဲလိုလုပ်တော့ မိုးကရွာလားလို့ဆို မရွာဘူးတဲ့၊ အဲဒါလည်း မရွာတော့ တစ်ချို့ကအကြံပေးတယ်၊ ဟိုးမြောက်ပိုင်းက ကုရုတိုင်းဆို မိုးတွေ တအားကောင်းတယ်၊ သီးနှံတွေဖွံ့ဖြိုးလို့ မိုးရေတွေနဲ့ စပါးတွေ တစ်သီးမကဘူး နှစ်သီးသုံးသီး စိုက်လို့ရတယ်။

သူတို့နိုင်ငံမှာတော့ မိုးခေါင်နေလို့ ဘာမှ စိုက်လို့မရဘူး၊ အဲတော့ ဟိုမှာ ဘာဖြစ်လို့ မိုးရွာတာတုန်းဆိုတော့ လူဆိုတာ တစ်ယောက်တစ်ပေါက် ထင်ရာ

မြင်ရာ ပြောတတ်တဲ့ အကျင့်ကရှိတယ်။ ဒီကနေ့ခေတ် ရော မရှိဘူးလား? ထင်ရာမြင်ရာတွေလျှောက်ပြောတာ၊ အဲဒါကို ကောလဟာလလို့ ခေါ်ကြတယ်နော်။

အဲ- ထင်ရာမြင်ရာတွေ ဘာပြောတုန်းဆိုတော့ "အဲဒီ ကုရုတိုင်းက မိုးကောင်းမှာပေါ့၊ ဟုတ်တယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ဘုရင်မှာ ဆင်ဖြူ **အဉ္စနဝဏ္ဏ**ဆိုတဲ့ မင်္ဂလာဆင်တော်ကြီးရှိတယ်၊ အဲဒီဆင်ကြီးရဲ့ အစွမ်း ကြောင့် ကိုယ်က မိုးတိမ်လိုပဲ ညိုနေတာ၊ ဆင်ကြီးရှိလို့ မိုးရွာတယ်" လို့ အကြံပြုတဲ့ ပုဂ္ဂိုလ်ကလည်းရှိတယ်။ ဖြစ်နိုင်ပါ့မလား၊ ဆင်ရှိတာနဲ့ မိုးရွာရမယ်ဆိုတာ၊ အကယ်၍ စစ်ကိုင်း မိုးခေါင်နေရင် ရှိသမျှဆင်တွေ စုခေါ်ထားရင် ဘယ့်နှယ့်နေမလဲ။

အဲ သူတို့က အဲသလို အကြံပေးတဲ့အခါကျတော့ ဘုရင်ကြီးကလည်း "ကဲ၊မိုးရွာပြီးရော၊ မင်းတို့ အကြံ ဉာဏ်အတိုင်းလုပ်" ဆင်ဘယ်ကရမတုန်း၊ ကုရုတိုင်း ဘုရင်ကြီးဆီက ဆင်သွားတောင်းတဲ့။

"ဟာ- ကုရုတိုင်းကဘုရင်ကြီးဆိုတော့ ဒို့ထက်လဲ စစ်အင်အားကောင်းတယ်၊ သူက လွယ်လွယ်နဲ့ပေးမှာ မဟုတ်ဘူး" လို့ဆိုတော့ မဟုတ်ဘူးတဲ့၊ အဲဒီဘုရင်ကြီးက အင်မတန် သဒ္ဓါတရားကောင်းတယ်၊ ပေးလိမ့်မယ်။ သဒ္ဓါတရား အလွန်ကောင်းတယ်၊ သူ့ဆီသွားတောင်းပေါ့၊ အလှူခံရင်ရတယ်ပေါ့။

အေး ဒါဖြင့်ကောင်းပြီ ဆိုပြီးတော့ အဲဒီခေတ်က အလှူခံဆိုတာ ဘုန်းကြီးတွေမရှိဘူး၊ ပုဏ္ဏားတွေပဲ ရှိတယ်။ ဗြာဟ္မဏလို့ခေါ်တဲ့ ပုဏ္ဏားတွေကို ရွေးကောက်ပြီးတော့ ဘုရင်ကြီးက လွှတ်လိုက်တယ်။ပုဏ္ဏားတော်တွေ အဝတ်အစားလဲပြီး ဆင်အလှူခံဖို့ဆိုပြီးတော့ ထွက်သွားကြလေရဲ့နော်။

ကာလိင်္ဂတိုင်းပြည်ကနေပြီးတော့ ကုရုတိုင်းဘက် သွားကြတယ်၊ အမြန်သွားတယ်။ သူတို့ လမ်းမှာ တစ်ညပဲ နားနားပြီးတော့ သွားလိုက်တာ နောက်ဆုံးကျတော့ ကုရုတိုင်းရောက်ပြီး ဘုရင်ကြီးနဲ့တွေ့ဖို့ကြိုးစားတယ်။

အရှေ့မုခ်တံခါးမှာ ဘုရင်ကြီးက သူ့ရဲ့အလှူမဏ္ဍာပ်တွေကို လှည့်လည်ပြီးတော့ ကြည့်တဲ့အခါ ဘုရင်ကြီးကိုယ်တိုင် လှူဒါန်းနေတဲ့အခါမှာ ဒီဘုရင်ကြီးနဲ့တွေ့ဖို့ သူတို့ကြိုးစားကြတယ်။ ဒါပေမယ့် မတွေ့ရဘူး၊ ဘာဖြစ်လို့တုန်းဆိုရင် အစောင့်တွေက အထပ်ထပ် ချထားတာဆိုတော့ ဘုရင်နဲ့တွေ့ဖို့ ခက်တယ်မဟုတ်လား? အစောင့်တွေက အထပ်ထပ်ချထားလို့ ထူထပ်လို့ သူတို့ဘုရင်နဲ့ စကားပြောခွင့်မရဘူး။

ဒါနဲ့ တောင်ဘက်မုခ်ကို သွားစောင့်ကြတယ်၊ တောင်ဘက်မုခ် သွားစောင့်တဲ့အခါကျတော့ တောင်ဘက်က ကုန်းမြင့်မြင့်လေးပေါ်မှာ တက်ပြီးတော့ သူတို့က စောင့်နေကြတယ်။

ဘုရင်ကြီး မဏ္ဍာပ်နဲ့လည်းနီးနီး အဲဒီမှာ ထပ်စောင့်ရင်း ဘုရင်ကြီးလည်းလာရော အော်ကြတယ် "ဇေယျတု မဟာရာဇ၊ မင်းကြီး အောင်ပါစေ အောင်ပါစေ" အော်ကြတဲ့အခါ ဘုရင်ဆိုတာက မင်္ဂလာသတင်းတယ်ကြိုက်တာကိုး။

"အောင်ပါစေ" ဆိုတဲ့ အသံလည်းကြားရော အော်နေတဲ့ဆီကို "ဟေ့ ပုဏ္ဏားတွေ ဘာအော်နေတာလဲ" ဘုရင်ကြီးက တစ်ခါတည်း ပုဏ္ဏားတွေဆီ ဆင်ကြီးကို ချွန်းဖွင့်ပြီးတော့ ပုဏ္ဏားတွေနေတဲ့ ကုန်းဘက်ကို ကိုယ်တိုင်ထွက်လာတယ်။ ထွက်လာပြီး အနားရောက်တဲ့အခါ "မင်းတို့ ဘာလိုချင်တာတုန်း" လို့မေးတော့ ပုဏ္ဏားတွေက လျှောက်တာပေါ့။

"ကျွန်တော်မျိုးတို့ဟာ နှုတ်လွှန်လာခဲ့ပါတယ်တဲ့၊ ဘုရင်မင်းကြီးရဲ့ ဆင်ကြီးနဲ့ ရွှေတွေငွေတွေပေးပြီးတော့ ထိုရွှေတွေငွေတွေကို ဘုရင်ကြီးရဲ့ဆင်ရအောင် ယူခဲ့မယ် ဆိုပြီးတော့ ကာလိင်္ဂတိုင်းက ဘုရင်ကြီးကို ဟောဒီ ဆင်ကြီးရဖို့ရာအတွက် ရွှေတွေငွေတွေ ကျွန်တော်မျိုးတို့က ယူပြီးတော့သုံးခဲ့ပါတယ်။ ရှင်ဘုရင်ကြီးဆီက ဆင်ရမှဖြစ်မှာပါ၊ ဆင်မရရင် ကြွေးတွေတင်နေတော့မှာပဲ ဟုတ်ကဲ့လား? ဆင်ကြီးကို တောင်းကြတယ်။

တောင်းတော့ ဘုရင်က အင်မတန်မှ သူငယ်ငယ်လေးက သူ့မိဘက ဘယ်လိုသင်ထားတုန်းဆိုလို့ရှိရင်

ဘယ်လိုလူကဖြစ်ဖြစ် မင်းကို လာတောင်းလို့ရှိရင် မင်း မငြင်းနဲ့တဲ့။ ခုခေတ် အဲလိုသင်ထား မကောင်းဘူးလား။

လာပြီးတော့အလှူခံရင် မငြင်းနဲ့တဲ့၊ အခုခေတ် တော့ အိမ်ပေါက်တွေမှာ ရေးထားတာတွေ့တယ် "အလှူခံခြင်းသည်းခံပါ" ဟုတ်လား၊ သင်တာခြင်းက မတူတော့ဘူးနော်၊ အလှူခံခြင်းသည်းခံပါဆိုပြီး တစ်မျိုး ကျတော့လည်း အဲဒီစကားလုံးမရေးချင်လို့နဲ့ တူပါတယ်၊ "ခွေးကိုက်တတ်သည်" လို့တောင် ရေးထားတယ်၊ တကယ်ကတော့ ခွေးရှိချင်မှရှိမယ် ဟုတ်လား? ခွေး ကလည်း ပါးစပ်ထဲသွားထည့်တောင် မကိုက်တဲ့ခွေး၊ ပျင်းတဲ့ကောင်။ အဲတော့ ခွေးကိုက်တတ်သည်လို့ ရေးထားတဲ့အိမ်လည်း ရှိတာပဲ၊ "အလှူခံမလာရ"ဆိုတဲ့ အိမ်တွေလည်း ရှိတာပဲနော်။

အဲဒီဘုရင်ကြီးကို သူ့အမေ အဖေက ဘယ်လို သင်ထားတုန်းဆိုရင် "ငါ့သားတဲ့ မင်း ဘယ်လိုပုဂ္ဂိုလ်က လာတောင်းတောင်း မပေးနိုင်ဘူးလို့ မင်း ဘယ်တော့မှ မပြောနဲ့" ဒါ သူ့ အမေ အဖေက သင်ထားတဲ့စကား။

မပေးနိုင်ဘူးလို့ မင်းဘယ်တော့မှ မပြောနဲ့၊ ဒါသူ့ အမေ အဖေက သင်ထားတဲ့စကား။ မပေးနိုင်ဘူးလို့ မင်း ဘယ်တော့မှ မပြောရဘူးလို့ဆိုတော့ ခေါင်းထဲမှာ စွဲနေ တယ်။

ဒါကြောင့်မို့လို့ ဆင်ကြီးလိုချင်တယ်ဆို "အေး-ရတယ်" ဆိုပြီးတော့ ဆင်ပေါ်ကဆင်းပြီးတော့ ဆင်မှာ တန်ဆာဆင်ထားတဲ့ ရတနာတွေများ လိုနေသေးလား လို့ စစ်ဆေးကြည့်တယ်။

အဲဒီနေရာမှာ ဆင်ကိုတင်လှူတာ မဟုတ်ဘူး။ ဆင်ကိုမှီပြီးတော့ ဆင်ကိုအမှီပြုပြီးတော့နေကြတဲ့ ဆင်ဆေးဆရာတို့၊ ဆင်စောင့်တို့၊ ဆင်ထိန်းတို့၊ ဆင်ဦးစီး ကြီးတို့ ဆိုတာတွေ မိသားစုတွေပါ အကုန်လှူလိုက်တာ။ လူတစ်ရာလောက်ရှိတယ်၊ ဆင်နဲ့ပတ်သက်ပြီးတော့ လေ့ကျင့်သင်ကြားပေးတဲ့ ဆရာတွေရော အကုန်လုံး ဆင်ထိန်းတွေရော အားလုံးကို ပေါင်းပြီးတော့ ဆင်ကြီး ရော တစ်ခါတည်း လှူလိုက်တယ်။

ပုဏ္ဏားတွေက ဝမ်းမြောက်ဝမ်းသာပေ့ါ၊ ဆင်ကြီး စီးပြီးတော့ ပြန်ကြတာ၊ ဟိုလည်းရောက်ရော ဆင်ကြီး ရောက်လာတဲ့အခါကျတော့ တို့နိုင်ငံတော့ မိုးရွာတော့ မှာပဲ။ မိုးက တစ်စက်မှ မကျဘူး၊ ဆင်ရောက်သွားပြန် တော့လည်း မိုးကတစ်စက်မှ မကျဘူး။ လွန်ဆွဲလည်း တစ်စက်မှမကျဘူး ဆိုတာလို ဖြစ်နေတယ်။

ကဲ- အဲဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ အစည်းအဝေးခေါ် အကြံဉာဏ်ထုတ်ကြပြန်တယ်။ အကြံဉာဏ်ထုတ်တော့ အဲဒီ ကုရုတိုင်းက မိုးသိပ် ကောင်းတယ်ကွ၊ ဘာဖြစ်လို့ကောင်းတာလဲဟ၊ "ကောင်း မှာပေ့ါ၊ ဘုရင်ကြီးကလည်း ကိုယ်ကျင့်တရား ကောင်း တယ်၊ အဲဒီနိုင်ငံမှာရှိတဲ့ လူတွေလည်း ကိုယ်ကျင့်တရား အင်မတန်ကောင်းကြတယ်"

သူတို့ ဘာတွေကျင့်တာတုန်းဆိုတာ သူတို့ရဲ့ ကိုယ်ကျင့်တရားတွေကို သွားပြီးတော့ ရေးမှတ်ပြီး တို့လည်းကျင့်မယ်ဆိုရင် တို့နိုင်ငံမိုးရွာမှာပေ့ါတဲ့၊ ဟုတ်ကဲ့ လား? ဒါ ရှေးတုန်းက စာထဲပါတဲ့ အတိုင်းပြောတာ

နော်။ အဲဒီကိုယ်ကျင့်တရား သွားပြီးတော့တောင်းကြရအောင်၊ ဆင်ကြီးတော့ ပြန်ပို့လိုက် အလကားပဲ။ ဒီမှာမြက်ကောင်းကောင်းတောင် ပေါက်တာမဟုတ်ဘူး၊ ဆင်စာလည်း မတတ်နိုင်တော့ဘူးဆိုပြီး ဆင်ကြီးကို ပြန်စီးသွားပြီး ဘုရင်ကြီးကို ပြန်အပ်တယ်။

ကျွန်တော်တို့နိုင်ငံမှာ မိုးခေါင်နေလို့ အရှင်မင်းကြီးရဲ့ ကိုယ်ကျင့်တရားကို ရေးမှတ်ပါရစေ ဆိုတော့ ဘုရင်ကြီးက ဘာပြောတုန်းဆို "အေး- ရေးတာပေါ့၊ ရွှေပေလွှာကြီးနဲ့ ရွှေကညစ်နဲ့ ဘုရင်ကြီး ပြောတာကို ရေးတယ်။

## ဘုရင်ကြီး

ဘုရင်ကြီးက ဘာပြောတုန်း "ငါ့ကိုယ်ကျင့်တရားကတော့ တစ်ခြားမဟုတ်ဘူးကွာတဲ့၊ ငါတို့နိုင်ငံမှာ ကျင့်သုံးတာ ဘာတုန်းဆိုရင် **ပါဏော န ဟန္တဗ္ဗော**– သူများအသက် မသတ်ရဘူး၊ ဒါမသတ်တာ ငါ့ရဲ့ ကိုယ်ကျင့်တရားတစ်ခုပဲ။ **အဒိန္နံနာဒါတဗ္ဗံ** – သူများဥစ္စာ

မယူရဘူး။ **ကာမေသု မိစ္ဆာ န စရိတဗ္ဗာ** – သူတစ်ပါး သားမယား မပစ်မှားရဘူး။ **မုသာ န ဘဏိတဗ္ဗာ**– လိမ်မပြောရဘူး။ **မဇ္ဇံ န ပါတဗ္ဗံ** – မူးယစ်ဆေးဝါး မသောက်စားရဘူး၊ ငါ့ကိုယ်ကျင့်တရားကတော့ ဒါပဲ။

လိုက်ရေးတယ် ရေးပြီးတဲ့အခါ ဘုရင်ကြီးက "အေး ငါကျင့်တော့ ကျင့်တာပဲတဲ့၊ ဒါပေမယ့်လို့ ငါမကျေနပ်တာလေး၊ သံသယဖြစ်တာလေးတစ်ခုရှိတယ်။ အဲဒါကြောင့်မို့ ငါ့ရဲ့ကိုယ်ကျင့်တရားပေါ်မှာ သိပ်စိတ်မချရဘူး" တဲ့။ ကြည့်နော် ကိုယ်ကျင့်တရားကို ဘယ်လောက်အလေးအနက်ထားလဲဆိုရင်။ ငါ ကျင့်တော့ကျင့်တယ်တဲ့၊ ဒါပေမယ့်လို့ ငါ့ကိုယ်ကျင့်တရားကို လုံးဝ ဖြူစင်တယ်လို့ ငါမပြောနိုင်ဘူးတဲ့။

ဒါဖြင့် ဘယ်လိုဖြစ်တာတုန်း အရှင်မင်းကြီးလို့ ဆိုတော့ "အေး- တန်ဆောင်မုန်းလမှာ တို့နိုင်ငံမှာ ပွဲရှိတယ်၊ အဲဒီပွဲရှိတဲ့အခါ လပြည့်နေ့ ပွဲသဘင်မှာ ဘာလုပ်ကြတုန်းဆို  သူတို့နိုင်ငံက ထုံးတမ်းစဉ်လာအတိုင်း စိတ္တဝါဇဆိုတဲ့ ဘီလူးရဲ့ ဟိုနတ်ကွန်းကပေါ့လေ၊

စိတ္တရာဇ နတ်ကွန်းကနေပြီး အင်မတန် ဆန်းကြယ်တဲ့ ပန်းတွေနဲ့ တန်ဆာဆင်ထားတဲ့ မြားတွေနဲ့ပစ်ပြီး ကစားကြတယ်" တဲ့။

လူတွေက နတ်လိုအဝတ်အစားတွေဝတ်ပြီးတော့ ကစားတယ်။ အဲဒီပွဲသဘင်မှာ ထူးထူးခြားခြား အဲဒီလို ကစားတယ်၊ နတ်ကွန်းကနေပြီးတော့ မြားပစ်ပြီးတော့ ကစားတဲ့ ကစားနည်းကို။

"အေး- တန်ဆောင်မုန်းလမှာ မြားပစ်လိုက်တာ ငါပစ်လိုက်တဲ့မြားလေးစင်း၊ သုံးစင်းတော့ ရှာရတယ်၊ တစ်စင်းတော့ ရေထဲကျသွားတယ်" ကျန်တဲ့အစင်းတွေ တော့ ငါပြန်ရတယ်၊ တစ်စင်းက ရေထဲကျသွားတော့ ငါ သံသယဖြစ်တယ်ကွာ။ ရေထဲမှာ ငါးတွေရှိတယ်၊ ငါ့မြားကများ ဘယ်ငါးရဲ့ကျော သွားဖောက်လိမ့်မလဲ ဆိုတာ ငါမသိဘူးပေါ့"

ခုခေတ် ဆိုရင်တော့ ကင်တောင် စားရသေး အောက်မေ့မှာပေါ့ ဟုတ်လား။ "ငါပစ်လိုက်တဲ့မြားက ဘယ်ငါးရဲ့ကျော သွားစူးမှန်းမသိဘူးတဲ့၊ အဲဒါအတွက်

ငါသံသယရှိနေတယ်၊ ဒါ့ကြောင့်မို့လို့ ငါ့သီလငါ စိတ်မချပါဘူးကွာ" ဘုရင်ကြီးကပြောတာနော်။

ဘယ်လောက် ကိုယ်ကျင့်တရားကောင်းသလဲဆိုတာ စဉ်းစားကြည့်၊ သူတို့ အဲဒါလေးကိုပဲ သံသယဖြစ်တာ။ "ကဲ- ငါကတော့ သံသယရှိတယ်တဲ့၊ ငါ့ရဲ့မယ်တော်ကြီး ရှိတယ်၊ မင်းတို့ ငါ့ရဲ့မယ်တော်ကြီးဖြူစင်လောက်တယ် မင်းတို့ သူ့ဆီသွားတောင်းကြဦး"

## မယ်တော်ကြီး

မယ်တော်ကြီးဆီ သွားတောင်းတော့လည်း မယ်တော်ကြီးက သူ့ရဲ့ ခုနတုန်းက ကိုယ်ကျင့်တရား ကိုယ်ကျင့်တရားဆိုတာ တစ်ခြားဟာ မဟုတ်ဘူး။ ခုနက ငါးပါးသီလနော်။ မယ်တော်ကြီးက ပေးပြီးတော့လည်းပဲ "အေး- ငါပေးတော့ပေးတာပဲတဲ့၊ ငါ့သီလနဲ့ပတ်သက်ပြီး သံသယရှိတယ်" တဲ့၊ သိပ်ပြီးတော့ စိတ်တိုင်းမကျဘူး။

ဘာဖြစ်လို့စိတ်တိုင်းမကျတာတုန်းဆိုတော့ "ငါ့ရဲ့ သားတော်ဘုရင်ထံ ပြည်ပ မင်းတစ်ဦးကနေပြီးတော့

စန္ဒကူးတုံး လက်ဆောင်ပေးလိုက်တယ်၊ စန္ဒကူးတုံးက တစ်သိန်းတန်တယ်၊ ရွှေပန်းကြီးကလည်း တစ်ထောင်တန်တယ်၊ တစ်ထောင်တန်တဲ့ ရွှေပန်းရယ်၊ တစ်သိန်းတန်တဲ့ စန္ဒကူးနှစ်ရယ် အဲဒီ လက်ဆောင်နှစ်ခုရတော့ ငါ့သားတော်ဘုရင်က ကဲ-မယ်တော်ကြီးသုံးဖို့ ဆိုပြီးတော့ ငါ့ကိုပေးတယ်"

"ပေးတဲ့အခါ ငါက ပန်းလည်း မပန်ဘူး၊ စန္ဒကူးနဲ့သာလည်း မလိမ်းဘူး။ ငါ့ရဲ့ ချွေးမနှစ်ယောက်ကို ငါပေးမှပဲ" ဘာဖြစ်လို့တုန်းလို့ ဘုရင်လုပ်တဲ့ လူကလည်း သူ့သားတော်ပဲ၊ အိမ်ရှေ့မင်း လုပ်တာကလည်း သားတော်ဆိုတော့ ချွေးမနှစ်ယောက်ရှိတယ်ပေါ့။

မယ်တော်ကြီးက စဉ်းစားလိုက်တယ်၊ ချွေးမအကြီးကတော့ မိဖုရားရာထူးနဲ့ ရာထူးမြင့်တယ်၊ ရာထူးမြင့်တော့ သူလိုချင်ဟာအကုန်ရတယ်။ ငါ့ရဲ့ချွေးမငယ်လေးကတော့ အိမ်ရှေ့ကတော်ဆိုတော့ နဲနဲဆင်းရဲမယ်ပေါ့၊ သူ့ကိုတစ်သိန်းတန် စန္ဒကူးပေးပြီးတော့ ချွေးမအကြီးကို တစ်ထောင်တန် ရွှေပန်းပေးလိုက်တယ်။ ကဲ-တစ်သိန်းနဲ့

တစ်ထောင်ဆိုတော့ ဘယ်လောက် ကွာနေမလဲနော်၊ ချွေးမတစ်ယောက်ပေးတာ။

အဲလိုပေးပြီး သူ ပြန်စဉ်းစားမိတယ်၊ "ဩော်- လောကရဲ့ထုံးစံက ကြီးတဲ့ပုဂ္ဂိုလ် ဦးစားပေးရတယ်" တဲ့။ အဲဒါလည်း မှတ်ထားဦးနော်၊ ခုခေတ်က အငယ်ကို ဦးစားပေးတယ်၊ ပြောင်းပြန်ကြီးဖြစ်သွားတယ်၊ တကယ် လူ့လောကမှာ အစဉ်အလာဟာ ကြီးတဲ့သူကို ဦးစားပေး ရတာ၊ အဲ-အခုခေတ်ကတော့ "အငယ်လေး ဦးစား ပေးလိုက်၊ အငယ်လေး ဦးစားပေးလိုက်နဲ့" ဟုတ်လား၊ လူတွေက အငယ်ကို သဘောကျနေတယ်။

အဲတော့ မယ်တော်ကြီးလည်း အငယ်သွား ဦးစား ပေးမိပြီးတော့ သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေလဲ "ဩော် လောကရဲ့ကျင့်ဝတ် ကြီးသူကိုလေးစားတယ် ဆိုတဲ့ ကိုယ်ကျင့်တရား ငါပျက်သွားတယ် လိုက်နာရမှာ၊ ငါ မလိုက်နာမိဘူး သူ့ဟာသူဆင်းရဲတာ ငါနဲ့ ဘာမှမဆိုင် ဘူး၊ ငါက ကိုယ်ကျင့်တရား မပျက်ထိုက်ဘူး" စဉ်းစား မိတယ် ဟုတ်လား။

သူ့ဟာသူ ရာထူးငယ်လို့ ဆင်းရဲချင် ဆင်းရဲပေ့စေ သူ့ဟာသူ ရာထူးမြင့်လို့ ရှိချင်ရှိပါစေ၊ ငါဦးစားပေးရမှာကတော့ ချွေးမကြီးကို ဦးစားပေးရမယ်၊ ငါက ချွေးမငယ်ကို ဦးစားမပေးရဘူး။ ဒါလောကရဲ့ကျင့်ဝတ် အရနော်၊ အဲဒီလို အတွေးချော်ပြီးတော့ အငယ်ကို ဦးစားပေးမိတာလေးကြောင့်မို့လို့ သူ့ထဲမှာ သံသယ ဖြစ်နေတယ်တဲ့၊ ငါ့ကိုယ်ကျင့်တရား သိပ်မစင်ကြယ် မသန့်ရှင်းပါဘူး။

ဒါလေးနဲ့တင် သံသယ ဖြစ်နေတယ်ကြည့်နော်၊ ခုခေတ်တော့ ခြင်ကလေး ကြမ်းပိုးကလေးသတ်တောင် သံသယ မဖြစ်ဘူးနော်၊ ခြင်ဘယ်နှစ်ကောင်သတ်သတ် သံသယ မဖြစ်ဘူး၊ ကြမ်းပိုးဘယ်နှစ်ကောင်သတ်သတ် သံသယ မဖြစ်ဘူး၊ ပါဏာတိပါတလို့တောင်မထင်ဘူး၊ ဟုတ်လား။

ကြည့်- သူများ အဲဒီလို သံသယလေးတွေဖြစ်လာတော့ ကဲ ပေးတော့ပေးတာပဲ ဒါပေမယ့် သူ့ရဲ့ကိုယ်ကျင့်တရားပေါ်မှာ သံသယရှိတယ်။ ငါ့ချွေးမဖြစ်တဲ့ မိဖုရား

အကြီးက ငါ့ထက်ပိုပြီး ကိုယ်ကျင့်တရားကောင်းမှာပဲ၊ သူ့ဆီသွားကြဦး။

## မိဖုရား

ခုနကကိုယ်ကျင့်တရားရေးမှတ်တဲ့ ကိုယ်စားလှယ်တွေက အဲဒီချေးမဖြစ်တဲ့ မိဖုရားဆီ သွားကြပြန်ရော။

မိဖုရားဆီသွားတဲ့အခါကျတော့ မိဖုရားကလည်း "ကဲ လိုချင်တယ်ဆိုတော့ ပေးရတာပေါ့၊ ဒါပေမယ့်လို့ သူ့ရဲ့ကိုယ်ကျင့်တရားပေါ်မှာလည်း သူ သိပ်ပြီးတော့ မကျေနပ်ဘူးတဲ့။ ဘာဖြစ်လို့မကျေနပ်တာတုန်းဆိုတော့ တစ်ခါတုန်းက ဘုရင့်ရဲ့ညီတော် အိမ်ရှေ့မင်းသားက ဘုရင့်ရဲ့ နောက်ကနေပြီးတော့ ဆင်ပေါ်မှာ တူတူထိုင်ပြီးတော့ လိုက်သွားတယ် တိုင်းပြည်လှည့်လည်တာပေါ့။ လေသာပြတင်းက လှမ်းကြည့်လိုက်တဲ့အခါကျတော့ မိဖုရားစိတ်ထဲမှာ ဘယ်လိုသွားပြီးထင်သတုန်းဆိုတော့ ဩော်-ဘုရင်ရဲ့ညီတော်ကလည်း တော်တော်ချောတာပဲ။ သူနဲ့ငါနဲ့ အဆက်အသွယ်ရလို့ရှိရင် အကယ်

၍ သူဘုရင်ဖြစ်ရင်လည်း ငါ့ကို မိဖုရားဆက်မြှောက်မှာ ပဲ" လို့ အဲလို တွေးကြည့်တယ်နော်။

သူလည်း အငယ်အနှောင်းကြိုက်တဲ့သဘောရှိတယ်၊ အဲဒီ အတွေးလေးဝင်ပြီးတော့ သူ့စိတ်ထဲမှာ ဩော် ငါ မတော်မတရား တွေးမိပြီ၊ ငါ့မှာ ကြင်ယာသက်ထား ဘုရင်မင်းတရားကြီးရှိရဲ့သားနဲ့ သွားပြီးတော့ ဒီလို စဉ်းစားမိတာ အတော်မကောင်းတာပဲ၊ ကိုယ်ကျင့်တရား ပေါ်မှာ သံသယရှိတယ်၊ အဲဒါကို သူဖွင့်ပြောတယ်၊ ဟုတ်ကဲ့လား? ဒါကြောင့်မို့လို့ သူ့ကိုယ်ကျင့်တရား ပေါ်မှာ သိပ်ပြီးတော့ စိတ်မချဘူးတဲ့။ ဘယ်သူ့ဆီ လွှတ်တုန်းဆိုတော့ အိမ်ရှေ့မင်းသားဆီ သွားလိုက်ပါ၊ အိမ်ရှေ့မင်းသားက ကိုယ်ကျင့်တရား ပိုကောင်းပါလိမ့် မယ်၊ အိမ်ရှေ့မင်းသားဆီသွားတယ်။

## အိမ်ရှေ့မင်းသား

အိမ်ရှေ့မင်းသားဆီသွားတော့ အိမ်ရှေ့မင်းသား ကလည်းပဲ သူ့ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး ပြော

တယ်။ “သူ တစ်ခါတုန်းက သူများကို ဆင်းရဲအောင် လုပ်ဖူးတယ်တဲ့၊ ဒါကြောင့်မို့လို့ သူ့ရဲ့ ကိုယ်ကျင့်တရား သူ အားမရဘူးပေ့ါ။ ဘယ်လို ဆင်းရဲအောင်လုပ်တုန်း ဆိုလို့ရှိရင် သူက သူ့နောင်တော် ဘုရင်ကြီးဆီ အခစား သွားလေ့ရှိတယ်၊ အခစားသွားတဲ့အခါကျတော့ သူ့ နောက်က လူတွေကို ပါးစပ်နဲ့ မပြောဘူး။တစ်ခါတစ်ရံ ကျတော့ သူ့နောင်တော်နဲ့အတူ ညအတူတူ အိပ်တယ်၊ မနက်ကျမှ သူ့နန်းတော်သူ ပြန်တယ်။ တစ်ခါတစ်ခါ ကျတော့ သူ့နောင်တော်နဲ့စကားပြောပြီး ချက်ချင်း ပြန်ထွက်တဲ့ အခါလည်းရှိတယ်။ အဲဒါကို ပါးစပ်က နေပြီးတော့ ငါချက်ချင်းပြန်လာခဲ့မယ်လို့ မပြောဘူး၊ ငါဒီမှာ ညအိပ်မယ်လို့မပြောဘူး။

ဒါပေမယ့် သူလုပ်နေကျ သင်္ကေတလေးရှိတယ်၊ မြင်းမောင်းတဲ့ ကြိမ်လုံးလေးကို ရထားထဲမှာ ထည့် ထားလိုက်ပြီဆိုရင်တော့ သူချက်ချင်းပြန်လာမယ်လို့ ဆိုတဲ့ အဓိပ္ပာယ်တဲ့၊ အဲလို မဟုတ်ဘဲနဲ့ ရထားဦးပေါ်မှာ

ကန့်လန့်တင်ထားတယ်ဆိုရင် သူ ညအိပ်မယ်ဆိုတဲ့ အဓိပ္ပာယ်တဲ့။

တစ်ရက်ကျတော့ သူပြန်လာမယ်လို့ရည်ရွယ်ပြီး ရထားထဲမှာထည့်ထားတယ်၊ အပေါ် လည်းရောက်ရော မိုးတွေကရွာ၊ မိုးတွေကရွာတော့ နောင်တော်ဖြစ်တဲ့ ဘုရင်က "မင်းဒီနေ့ မပြန်နဲ့တော့ကွာ ဒီမှာပဲ အိပ်တော့"

သူ့နောက်ကလိုက်လာတဲ့ အခြံအရံတွေက မပြန်ရဲဘူး၊ တစ်ညဥ့်လုံး မိုးစိုထဲမှာ ဒီအတိုင်း ရပ်စောင့်နေကြတယ်၊ လာနိုးလာနိုးနဲ့ အဲဒါ မနက်မိုးလင်းသည် အထိ ရပ်စောင့်နေကြရတယ်။

အဲဒီလို မိုးလင်းသည်အထိအောင် စောင့်နေကြရတာကို သူကတွေ့တဲ့အခါကျတော့မှ သူ့ရဲ့ ကိုယ်ရံတော်တွေဟာ သူ့ရဲ့လုပ်ရပ်ကြောင့် ဒုက္ခရောက်ရှာကြတယ်၊ ငါ့ရဲ့ကိုယ်ကျင့်တရားဟာ မစင်ကြယ်ဘူးလို့ ဒီလိုယူဆတယ် ဟုတ်ကဲ့လား? သူများကို ဒုက္ခပေးမိတယ်ပေါ့။

အဲဒါကြောင့်မို့လို့ သူက ညွှန်းလိုက်တယ်၊ ငါ့ရဲ့ သီလ ငါအားမရဘူး၊ ကိုယ်ကျင့်တရားကို အားမရဘူး၊

ပုရောဟိတ် ပုဏ္ဏားကြီးဆီသွားလိုက်ပါ၊ သူက ပိုပြီး ကိုယ်ကျင့်တရား ကောင်းလောက်တယ်” ပုရောဟိတ် ပုဏ္ဏားကြီးဆီ သွားကြတယ်။

## ပုရောဟိတ်ပုဏ္ဏား

ပုရောဟိတ်ပုဏ္ဏားကြီးက သူတို့လိုချင်တာပေးပြီး ပြောတယ် “ငါလည်း ငါ့ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး အားမရဘူးကွာ” ဒါဖြင့် ဘာလုပ်ဖူးလို့တုန်းလို့ဆိုတော့ ဘုရင်ကြီးကို နိုင်ငံရပ်ခြားကနေပြီးတော့ အင်မတန် လှပသစ်လွင်တဲ့ ရထားလေးတစ်စီး ဆက်လိုက်တယ်။ ခုခေတ်လိုဆိုရင် ကားတစ်စီး လက်ဆောင်ရတယ်ပေါ့ နော်။

အဲဒီ ရထားတစ်စီး လက်ဆောင်ရလိုက်တဲ့အခါ ပုဏ္ဏားကြီးက ဘယ်လို စဉ်းစားတုန်းဆို “ဟာ-ရထား လေးက လှလိုက်တာ၊ ငါက အသက်ကြီးပြီ၊ ဘုရင်က အဲဒီရထား ငါ့ပေးရင်ကောင်းမှာပဲ” ဒီလိုသွားတွေး တယ်။

အတွေးအတွေး သူများပစ္စည်းကို ရချင်တဲ့အတွေး လေး တွေးလိုက်တယ်။ အဲလို တွေးပြီးတော့သွားတော့ ဘုရင့်ဆီလည်းရောက်ရော ဘုရင်က "ဆရာပုဏ္ဏားကြီး အသက်ကြီးပါပြီ သူ့ပေးလိုက်ပါ" တဲ့။ အဲဒီကျတော့ မယူဘူး ရှက်တယ်နော်။

သူများ ပစ္စည်းကို မတော်လောဘနဲ့ တွေးမိခဲ့တယ် မယူဘူး။ အဲဒီမှာ သူ့ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး "ငါ့စိတ်ကို မထိန်းနိုင်ဘူး၊ သူများပစ္စည်းကို မတော် လောဘတက်မိတယ်၊ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး အားမရဘူး" လို့ ပြောလိုက်တယ်နော်။

အေး- အဲဒီလို ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး တော့ အလွန့်ကို စင်ကြယ်ခဲ့ကြတဲ့ခေတ်ပေါ့။ ဒီကနေ့ ခေတ်ဆို နည်းတောင်နည်းသေးတယ် ပြောမယ် ဟုတ်လား? ကဲ-ကောင်းပြီ။

ပုရောဟိတ် ပုဏ္ဏားကြီးကလည်း ပြောတယ်၊ ငါ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး ငါ စိတ်မချဘူးကွာ၊ မင်းတို့ လယ်မြေတွေကို တိုင်းတာတဲ့ ခုခေတ်ဆိုရင်

တော့ မြေတိုင်းအရာရှိဆီသွားကွာ၊ မြေတိုင်းအရာရှိကတော့ ပိုပြီးတော့ ကိုယ်ကျင့်တရား ကောင်းလောက်တယ်။

## မြေတိုင်းအရာရှိ

ကောင်းပြီဆိုပြီး မြေတိုင်းအရာရှိဆီ သွားတဲ့အခါကျတော့ မြေတိုင်းအရာရှိကလည်း ပြောတယ်၊ သူ့ကိုယ်သူ အားမရဘူးတဲ့။

တစ်ခါတုန်းက သူကြုံခဲ့တာလေးကို ပြောပြတယ်။ ဘုရင်ကြီးက လယ်ယာမြေတစ်ခုကို ယူတဲ့အခါ တိုင်းတာမှုတစ်ခု လုပ်ကြတယ်၊ အဲဒီ တိုင်းတာမှု လုပ်တဲ့အခါမှာ သူက သူကြိုးဆွဲတဲ့ဘက်မှာ ဘာတွေ့တုန်းဆိုရင် ပုစွန်တွင်းလေး သွားတွေ့တယ်၊ အဲဒီနေရာ ငုတ်စိုက်ရတယ်။ အကယ်၍ နေရာပြောင်း ငုတ်စိုက်လို့ရှိရင် ဘုရင့်ရဲ့မြေ တစ်လက်မလောက် နစ်နာသွားမယ် ဟုတ်ကဲ့လား? ပုစွန်တွင်းရဲ့ အပြင်ဘက်

ဟိုဘက်ကိုစိုက်မယ်ဆိုရင် လယ်မြေပိုင်ရှင်ရဲ့မြေ နစ်နာသွားမယ်။

အဲတော့ မတတ်နိုင်ဘူး၊ ပုစွန်တွင်းနေရာပဲ စိုက်မယ်ဆိုပြီးတော့ စိုက်လိုက်တဲ့အခါကျတော့ တွင်းထဲက ပုစွန်ကောင်က အော်လိုက်တာ။ ငုတ်စိုက်တော့ သူ့ကျောဖောက်မိထင်ပါရဲ့၊ အဲဒီမှာ သူ စိတ်မကောင်းဖြစ်သွားတယ်၊ ဩော် ငါလုပ်မိလို့ ပုစွန်တစ်ကောင် ဒုက္ခရောက်သွားပြီ၊ ငါ့ကိုယ်ကျင့်တရား မသန့်ရှင်းဘူး” လို့ဆိုပြီး သူ့စိတ်ထဲမှာ အဲလို ဖြစ်တယ်နော်။ခုခေတ်လိုဆိုရင်တော့ တူးပြီးတော့တောင်ထုတ်ပြီး ဖုတ်စားမလားတောင် မသိဘူးနော်။

အဲဒါနဲ့ သူ့ကိုယ်ကျင့်တရားကို သူသိပ်ပြီးတော့ စိတ်မချဘူးတဲ့၊ ပိုပြီးတော့ကောင်းတဲ့ ပုဂ္ဂိုလ်ကတော့ ဘုရင့်ရဲ့ ရထားထိန်းကြီးဆီ သွားပါလား၊ အဲဒီ ရထားထိန်းရဲ့ ကိုယ်ကျင့်တရားက ပိုပြီးတော့စင်ကြယ်လောက်တယ်ဆိုတော့ ရထားထိန်းကြီးဆီ သွားပြန်ရော။

## ရထားထိန်း

သွားလိုက်တဲ့အခါကျတော့ ရထားထိန်းက ပြောတယ်၊ သူ့မှာလည်း မကျေနပ်စရာလေးတစ်ခုရှိတယ်တဲ့။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီးတော့ ဘာတုန်းလို့ဆိုတော့ ဘုရင်ကြီးဟာ ဥယျာဉ်ကိုထွက်တယ်၊ ဥယျာဉ်ထွက်ပြီးတော့ ညနေချိန်ကျတော့ ဥယျာဉ်ကနေ ပြန်လာတယ်၊ ပြန်လာတဲ့ချိန်မှာ မိုးတွေတက်လာတယ်၊ ရထားထိန်းက အေး မိုးတွေတက်လာရင် ဘုရင်ကို မိုးစိုမှာကြောက်လို့ မြင်းတွေကို ကြိမ်တို့ပြီးတော့ မောင်းလိုက်တာ အဲဒီနေ့က။

မြင်းတွေက ပြေးကြတာပေါ့၊ ဘုရင်ကြီးတော့ မိုးလွတ်သွားတယ်၊ မြင်းတွေက သင်ထားတဲ့ မြင်းတွေဆိုတော့ ကြိမ်တို့တဲ့ နေရာကို သူတို့ကမှတ်ထားတယ်၊ အဲဒီနေရာရောက်ရင် ဘယ်အချိန်ပဲဖြစ်ဖြစ် ပြေးကြတာပဲတဲ့၊ ဒီကောင်တွေကလည်း အမှတ်အသားက ကြိမ်တစ်ခါတို့ထားတာနဲ့ နောက် အဲဒီနားရောက်ရင် မြင်းတွေက ပြေးတော့တာပဲတဲ့။

အဲတော့ သူက စဉ်းစားတယ်၊ ဩော် စနစ်တကျ သင်ထားတဲ့မြင်းတွေ မလိုအပ်ပဲနဲ့ ငါ ကြိမ်သွားတို့တယ်၊ သူတို့ ပင်ပန်းရှာကြတယ်ပေါ့။ ဘုရင်ကြီး မိုးစိုစို မစိုစို ငါနဲ့ ဘာမှမဆိုင်ဘူးပေါ့၊ မြင်းတွေ ငါ့ကြောင့် ပင်ပန်း ဆင်းရဲရောက်ကြတယ် ဆိုပြီးတော့ ငါ့ရဲ့ ကိုယ်ကျင့် တရား မစင်ကြယ်ဘူးလို့ သူ့စိတ်ထဲမှာ ဒီလိုယူဆတယ် နော်။

အဲဒါနဲ့ မင်းတို့ ငါ့သီလတော့ သိပ်ပြီးတော့ မကျေနပ်နိုင်ဘူးတဲ့၊ တို့နိုင်ငံက သူဌေးကြီးကတော့ ကိုယ်ကျင့်တရားကောင်းတယ်၊ အဲဒီ သူဌေးကြီးဆီ သွားကြဦးလို့ဆိုတော့ သူဌေးကြီးဆီသွားကြပြန်တယ်။

## သူဌေးကြီး

သွားပြီးတော့ သူဌေးကြီးဆီ ရောက်တဲ့အခါ သီလတောင်းတော့ သူဌေးကြီးကလည်း သူ့မှာ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး အားမလိုအားမရ တစ်ခု ဖြစ်ဖူးတယ်တဲ့။

ဘာဖြစ်ဖူးတာတုန်း ပြောပါဦးဆိုတော့ သူ့ရဲ့ စိုက်ခင်း သလေးစပါးခင်းကြီးဟာ အောင်မြင်ဖြစ်ထွန်း လာတဲ့အခါ သလေးသီးနှံတွေဟာ ရင့်ကာနီးမှာ ငိုက်ကျ လာတယ်၊ အဲဒီအချိန်လေးမှာ သလေးအနှံတွေကို ခူးပြီးတော့ တိုင်တစ်တိုင်မှာ သူက အလှူဆင်ချင်တာ။ အဲဒါနဲ့ သလေးစပါးခိုင်ကြီးကို ခူးပြီးတော့ တိုင်တစ်တိုင် မှာ ချည်ခိုင်းလိုက်တယ်၊ ချည်ခိုင်းပြီးတော့မှ သူက ပြန် စဉ်းစားတယ်။ "ဩော် - ဒီသလေးခင်းကရတာ ဘုရင် ကြီးကို ငါ ပထမအခွန်ဆက်ရမယ်၊ အခွန်ဆက်ပြီးမှ ငါကျန်တာလုပ်ချင်တာလုပ်ရမယ်။ အခု ဘုရင်ကို အခွန် မဆက်ဘဲနဲ့ ငါက အရင်သုံးတယ်ဆို ငါ့ကိုယ်ကျင့်တရား ပျက်တယ်" ပေါ့။

ဘုရင့်အခွန်တော်ကို အရင်ပေးသင့်တယ်ဆိုပြီး သူ့ရဲ့ ကိုယ်ကျင့်တရားပေါ်မှာ အားမလို အားမရတွေ ဖြစ်တယ်တဲ့။ ဒါကြောင့်မို့လို့ အားမရလို့ သူကနေ တစ်ဆင့် တစ်ခါလွှတ်လိုက်ပြန်တယ် မြို့တံခါးစောင့်ကြီး ဆီ လွှတ်လိုက်တယ်။

## မြို့တံခါးမှူး

မြို့တံခါးမှူးကြီးကလည်း ကိုယ်ကျင့်တရား ကောင်းတယ်၊ သူ့ဆီသွားလိုက်ပါဦးဆိုတော့ မြို့တံခါး မှူးဆီ ရောက်လာတဲ့အခါ သူပြောတယ်၊ ကျုပ်လဲဗျာတဲ့ တစ်ခါတုန်းက နှုတ်မစောင့်စည်းမိလို့ ကျုပ်လဲ ကိုယ့် ကိုယ်ကျင့်တရားကိုယ် အားမလိုအားမရဖြစ်တယ်တဲ့။

ပြောပါဦးလို့ဆိုတော့ "အေး- ညနေကျတော့ မြို့ တံခါးပိတ်တော့မယ့်အချိန်ရောက်ပြီဆိုလို့ရှိရင် ကြော်ငြာ ရတယ်၊ လူတွေကြားအောင် မြို့ပြင်ထွက်နေတဲ့လူတွေ အကုန်လုံးကြားအောင် ကြော်ငြာရတယ်၊ အဲဒီကြော်ငြာ တာ သုံးခါ ဟစ်အော်ပြီးတဲ့နောက်မှာ နောက်ကျရင် တော့ တံခါးပိတ်တာပဲ"

အဲဒီလို တံခါးပိတ်ကာနီး ကြော်ငြာနေတဲ့အချိန်မှာ လူတစ်ယောက် သူ့ရဲ့နှမလေးကို လက်ဆွဲပြီးတော့ အပြေးလာတယ်၊ တံခါးမပိတ်ခင် မီအောင်လို့ဆိုပြီး ဟောဟဲတိုက်ပြီး အပြေးလာတယ်။

တံခါးက ပိတ်ကာနီးနေပြီ၊ အပြေးရောက်လာတဲ့ အခါကျတော့ သူက ဆည်းပြီးငေါက်တယ်၊ ဒရဝမ် ဆိုတာ ငေါက်တတ်တယ်နော်။ ဆေးရုံတွေဘာတွေ သွားရင် တံခါးစောင့် ငေါက်တာတွေ ဘာတွေကြုံဖူးလိမ့် မယ်၊

အဲဒီမှာ သူက ဘယ်လိုငေါက်တုန်းဆိုတော့ "မင်း က အမျိုးသမီးတစ်ယောက်ခေါ်ပြီး တစ်နေကုန် ပျော်ချင်ပါးချင်ရာသွားပြီးတော့ အချိန်မသိဘူးလားကွ၊ တိုင်းပြည်မှာ ဘုရင်ရှိနေတယ်ဆိုတာတောင် မင်းမသိ ဘူးလား" ဆိုပြီးတော့ အမျိုးသမီးနဲ့ အပြင်ဘက်မှာ ပျော်ပါးတယ်လို့ထင်ပြီး သူကပြောတယ်၊

ဟိုလူက မျက်နှာငယ်လေးနဲ့ "မဟုတ်ပါဘူး ခင်ဗျာ၊ ဒါ ကျွန်တော့်၊ ၊လေးပါ"

အား- ငါပြောမိတာမှားသွားပြီပေါ့လေ မောင်နှမ ကို သွားပြီးတော့ ပြောမိတယ်ဆိုပြီး သူ့ကိုယ်ကျင့်တရား နဲ့ ပတ်သက်ပြီး အားမလိုအားမရဖြစ်တယ်၊ ဒါနဲ့ သူက ဘယ်သူ့ညွှန်းလိုက်တုန်းဆိုတော့ သူ့ကိုယ်ကျင့်တရား

လည်း အားမလိုအားမရ ဖြစ်သည့်အတွက်ကြောင့် ပြည့်တန်ဆာမထံ လွှတ်လိုက်တယ်။

တိုင်းပြည်ဘုရင်တွေက ခန့်ထားတဲ့ အဲဒီမြို့မှာ အချောဆုံးအမျိုးသမီး ဆိုလို့ရှိရင် သူတို့က ပြည့်တန်ဆာမ ခန့်ထားလေ့ရှိတယ်။ အဲဒီ ပြည့်တန်ဆာမက လည်းပဲ သူလိုက်နာရတဲ့ စည်းကမ်းရှိတယ်။

ဒီတစ်ယောက်ဆီက အခကြေးငွေယူထားလို့ရှိရင် နောက်တစ်ယောက်ကို လက်မခံရဘူး အဲဒီလိုရှိတယ်။ အဲဒီ ပြည့်တန်ဆာမကလည်း အလွန်ကို ကိုယ်ကျင့်တရား ကောင်းတယ်တဲ့။

တစ်ရက်ကျတော့ လူတစ်ယောက်က ဖြန်းခနဲ ပေါ်လာပြီး သူ့ကို ငွေတစ်ထောင်ပေးသွားတယ်။ ပေးသွားပြီး သူပြန်လာမယ်ဆိုပြီး ပြောသွားတယ်၊ အဲဒီလူက ပေါ်မလာဘူး၊ တစ်ရက်လည်း ပေါ်မလာ၊ နှစ်ရက်လည်း ပေါ်မလာ၊ တစ်လလည်း ပေါ်မလာဘူး၊ တစ်နှစ်လည်း ပေါ်မလာဘူး။

သူ့ရဲ့ကိုယ်ကျင့်တရားက တစ်ယောက်ရဲ့ငွေ လက်ခံထားလို့ရှိရင် နောက်တစ်ယောက် လက်မခံရဘူး။ လက်မခံရတော့ ငွေလေးတစ်ထောင်နဲ့ အဲဒီယောကျ်ားက ဘယ်လောက်ထိအောင် ကြာတုန်းဆို သုံးနှစ်တဲ့။

သုံးနှစ်ဆိုတော့ သူ့ဝင်ငွေတွေ ဘယ်လောက်လျော့သွားတုန်း၊ ကဲ ဟုတ်လား? ဝင်ငွေတွေလျော့တော့ဟာ စားစရာ သောက်စရာ ဆင်းရဲဒုက္ခရောက်လာတယ်။

ရောက်လာတဲ့အခါကျတော့ တရားသူကြီးဆီ သွားတိုင်ပင်တယ်၊ ဒီလိုပဲ ကျွန်မ လက်ခံထားတာ အဲဒါ အဲဒီလူက ခုချိန်အထိ မလာဘူး၊ သုံးနှစ်ပြည့်ပြီ၊ ကျွန်မလည်း စားဝတ်နေရေးဒုက္ခရောက်နေပြီဆိုတော့ တရားသူကြီးက ဆုံးဖြတ်ပေးတယ်။

သုံးနှစ်မှဆိုရင်တော့ ကဲ မင်းစောင့်နေတာကျေပြီ၊ မလာတော့ဘူး လက်ခံလိုက်တော့၊ နောက်လာတဲ့လူ လက်ခံလိုက်တော့ဆိုတော့ လူတစ်ယောက်က ပိုက်ဆံ

လာပေးတယ်၊ ပေးလိုက်တဲ့အခါမှာ လက်လှမ်းလိုက်တာ ရှိသေးတယ် ခုနက ကိုယ်တော်ချောက ဘွားကနဲ ရောက်လာတယ်။

အဲဒီမှာ ဒီအမျိုးသမီးက "ဩော် ငါစည်းကမ်းပျက်တာပဲပေါ့၊ ဒီလူတစ်ယောက်ကို သုံးနှစ်စောင့်ရဲ့သားနဲ့ မလာလို့ ငါလက်ခံမိတာ။ ငါကိုယ်ကျင့်တရားပျက်တာပဲ" ခုနက ဘွားကနဲ ပေါ်လာတဲ့လူက လူသားမဟုတ်ဘူးတဲ့၊ သိကြားမင်း ဖြစ်နေတယ်။ ဘာဖြစ်လို့ သူက ဒီလိုလုပ်တာတုန်းဆိုတော့ ဒီ ပြည့်တန်ဆာမရဲ့ ကိုယ်ကျင့်တရား ဘယ်လောက်ကောင်းသလဲဆိုတာကိုသိစေလို၍ သူက လုပ်ပေးသွားတာ။

သိကြားရဲ့ အသွင်သဏ္ဌာန် ပျောက်ပြီးတော့ သူ့အိမ်ကို ရတနာခုနစ်ပါးနဲ့ပြည့်အောင် ဖြည့်တင်းပေးပြီးတော့ ကိုယ်ကျင့်တရားကောင်းအောင် ကျင့်ကြဖို့ သိကြားမင်းက တရားဟောပြီးတော့ ပြန်သွားတယ်တဲ့။

ဒါက ငါးရာ့ငါးဆယ်မှာပါတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ကို ပြောပြတာ ဟုတ်ကဲ့လား? အခိကပြောချင်

တာကတော့ ဒီဇာတ်လမ်းထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ်ကျင့်တရား ချိုးဖောက်တဲ့ပုဂ္ဂိုလ် တစ်ယောက်မှ မပါဘူး၊ လွန်လွန်ကျူးကျူး ချိုးဖောက်တဲ့ပုဂ္ဂိုလ် တစ်ယောက်မှ မရှိဘူး။ မရှိပေမယ့်လို့ သူတို့စိတ်ထဲမှာ သူတို့ကိုယ်ကျင့်တရားကို အားမရကြဘူးတဲ့။ ဒီ့ထက် ကောင်းအောင် သူတို့ကျင့်ချင်ကြတယ်၊ ဒါ အနှစ်သာရ ဟုတ်ကဲ့လား?

အေး အဲဒါကြောင့်မို့လို့ ကိုယ်ကျင့်သီလကောင်းဖို့ ငါးပါးသီလကို ဒီ့ထက်ပိုပြီးတော့ ပြည့်ပြည့်စုံစုံ စင်ကြယ်အောင် ဆောက်တည်ဖို့ အင်မတန်မှ အရေးကြီးပါတယ်တဲ့။

ခုနက ရွှေပေလွှာနဲ့ ကုရုတိုင်းသူ တိုင်းသားတွေ ကျင့်တဲ့ ငါးပါးသီလ- **ပါဏော န ဟန္တဗ္ဗော**– သူများအသက် မသတ်ရဘူးဆိုတဲ့ စည်းကမ်း၊

**အဒိန္နံ နာဒါတဗ္ဗံ** –သူများမပေးတာ မယူရဘူး ဆိုတဲ့ စည်းကမ်း၊

**ကာမေသု မိစ္ဆာ န စရိတဗ္ဗာ** – သူတစ်ပါး သားမယား မှောက်မှားမှု မလုပ်ရဘူးဆိုတဲ့ စည်းကမ်း၊

**မုသာ န ဘာသိတဗ္ဗာ**– လိမ်မပြောရဘူးဆိုတဲ့ စည်းကမ်း ရယ်၊

**မဇ္ဇံ န ပါတဗ္ဗံ** – သေရည်သေရက် မသောက်စား ရဘူး ဆိုတဲ့ ဒီစည်းကမ်းတွေကို အားလုံးရေးယူသွားကြ တယ်။

သူတို့နိုင်ငံ ရောက်တဲ့အခါကျတော့ ရွှေပေလွှာနဲ့ ရေးလာတဲ့ ဒီစည်းကမ်းချက်တွေအတိုင်း ဘုရင်ကြီးက စပြီးတော့ ကျင့်သုံးလိုက်တဲ့အခါကျတော့မှ မိုးလေဝသ တွေ ကောင်းပြီးတော့ ရောဂါဝေဒနာတွေ ပျောက်ကင်း ကုန်သတဲ့။

ကဲ-လွန်မဆွဲနဲ့၊ ငါးပါးသီလ လုံအောင်ထိန်းတဲ့ ဟုတ်ကဲ့လား?

ဒီဇာတ်လမ်းအရဆိုရင် မိုးခေါင်တာ ငါးပါးသီလ မလုံကြလို့။ ဒါက ငါးရှာငါးဆယ် ဇာတ်နိပါတ်ထဲက

နှစ်ရာခုနှစ်ဆယ်နဲ့ခြောက်ခုမြောက်ဖြစ်တဲ့ ဇာတ်ကို **ကုရုဓမ္မဇာတ်**လို့ခေါ်တယ်။

အဲဒီ **ကုရုဓမ္မဇာတ်** ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အတိတ်က တကယ်ဖြစ်ခဲ့တဲ့ အကြောင်းတွေကို ပြန်လှန်ပြီးတော့ဟောတာ။ အဲဒီ ဟောထားတဲ့အတိုင်း နောက်ဆုံးကျတော့ မြတ်စွာဘုရား က အေး- လောကကြီးမှာ ဘယ်အရာမှ မတည်မြဲဘူး၊ အားလုံးဟာ ကျေနပ်စရာ မကောင်းလို့ ဒုက္ခသစ္စာချည့်ပဲ တဲ့၊ ဟုတ်ကဲ့လား?

အဲဒီ ဒုက္ခဆိုတဲ့ သဘာဝတရား ဘာ့ကြောင့်ရနေ တာတုန်းဆိုရင် ရချင်တဲ့ တွယ်တာတဲ့ ခင်မင်တဲ့ လိုချင် လောဘ တဏှာကြောင့် ရနေတာ ဒါက **ဒုက္ခသမုဒယ** တဲ့၊ ဟုတ်ကဲ့လား?

အဲဒီနှစ်ခု ရှိနေသေးလို့ရှိရင် သံသရာထဲမှာ ဒီလို ဒုက္ခတွေအဆိုးနဲ့ကြုံလိုက်၊ အကောင်းနဲ့ကြုံလိုက် အဆိုးနဲ့ ကြုံလိုက် အကောင်းနဲ့ ကြုံလိုက် သံသရာထဲမှာ ဒီဒုက္ခနဲ့ သမုဒယ တဝဲလည်လည် ဒီလိုရှိနေကြဦးမှာတဲ့။

အဲဒီဒုက္ခတွေအားလုံးငြိမ်းသွားတာက **ဒုက္ခနိရောဓ** လို့ခေါ်တဲ့ နိဗ္ဗာန်ပဲဖြစ်တယ်။ နိဗ္ဗာန်ရောက်သွားပြီဆိုရင် မိုးခေါင်တာလည်း မရှိတော့ဘူး၊ မိုးကောင်းတာလည်း မရှိတော့ဘူး၊ ဟုတ်ကဲ့လား?

ရောဂါဖြစ်တာလည်း မရှိတော့ဘူးတဲ့။ အဲဒါဟာ **ဒုက္ခနိရောဓ** ဒုက္ခတွေအားလုံးငြိမ်းသွားမှု၊ အဲဒီဒုက္ခတွေ အားလုံး ငြိမ်းသွားဖို့ကတော့ ဘာတုန်းဆိုရင် နံပါတ်(၁) အမှန်မြင်ဖို့လိုတယ်၊ အမှန်မြင်တာကို **သမ္မာဒိဋ္ဌိ** လို့ ခေါ်တယ်။ အမှန်မြင်ဖို့အတွက် ဘာလုပ်ဖို့လိုလဲဆိုရင် မှန်မှန်ကန်ကန် တွေးတတ်ဖို့လိုတယ်။ ကဲ-အမှန်မြင်ပြီ၊ အမှန်တွေးတတ်ပြီဆိုလို့ရှိရင် ကိုယ်ကျင့်တရားကောင်းဖို့ လိုတယ်တဲ့။ မှန်ကန်တဲ့စကားကိုပြောတယ်ဆိုတာ ဝစီဒုစရိုက်လေးပါးကို ရှောင်ရမယ်လို့ပြောတာ၊ ဝစီဒုစရိုက် ဆိုတာ လိမ်ပြောတာကို ဝစီဒုစရိုက်၊ တစ်ယောက်နဲ့ တစ်ယောက်မတည့်အောင် ကုန်းတိုက်တာ ဝစီဒုစရိုက်၊ အရပ်ထဲမှာ ဆဲတာဆိုတာ ဝစီဒုစရိုက်၊ ဟုတ်ကဲ့လား?

တရားလက်လွတ်စကားတွေ လျှောက်ပြောတာ ဝစီဒုစရိုက် တဲ့။

အဲဒီ ဝစီဒုစရိုက်တွေ ကင်းပြီဆိုရင် **သမ္မာဝါစာ** ဖြစ်တယ်၊ မှန်ကန်သောစကားကိုပြောတာ။ မှန်ကန်သော အလုပ်ကိုလုပ်တယ်ဆိုတာ သူများအသက်သတ်ရင်၊ သူများဥစ္စာခိုးရင်၊ သူတစ်ပါး သားမယားပြစ်မှားတယ်ဆိုရင် မှားယွင်းတဲ့လုပ်ရပ်။ အဲဒီမှားယွင်းတဲ့ လုပ်ရပ်တွေကို ရှောင်လိုက်ပြီဆိုရင် **သမ္မာကမ္မန္တ** မှန်ကန်တဲ့လုပ်ရပ်ဖြစ်တယ်။ အဲဒီ မှန်ကန်တဲ့စကားကို ပြောပြီးတော့ မှန်ကန်တဲ့လုပ်ရပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုမယ်ဆိုရင် မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းမှုဖြစ်တယ်။

သူများအသက် သတ်ပြီးတော့ အသက်မမွေးနဲ့၊ သူများဥစ္စာခိုးပြီးတော့ အသက်မမွေးနဲ့၊ သူတပါး သားမယား စော်ကားပြီး အသက်မမွေးနဲ့၊ လိမ်ပြောပြီးတော့ အသက်မမွေးနဲ့၊ ကုန်းတိုက်ပြီးတော့ အသက်မမွေးနဲ့၊ ဆဲရေးပြီးတော့ အသက်မမွေးနဲ့၊ မဟုတ် မတရား

လျှောက်ပြောပြီးတော့ အသက်မမွေးနဲ့လို့ ဆိုလိုတယ်၊ ဟုတ်ကဲ့လား? အဲဒါဆို **သမ္မာအာဇီဝ** ဖြစ်တယ်။

ဟော ကိုယ်ကျင့်သီလ ပြည့်စုံပြီ ဘာလုပ်ရမတုန်း ဆို **သမ္မာဝါယာမ**– မှန်ကန်တဲ့ ကြိုးစားမှုရှိဖို့လိုတယ်တဲ့ မှန်ကန်တဲ့ ကြိုးစားမှုဆိုတာဘာတုန်း။ ကိုယ့်သန္တာန်မှာ အကုသိုလ်မဖြစ်သေးရင် မဖြစ်ရအောင်၊ ဖြစ်လာတဲ့ အကုသိုလ်တွေကို ဖယ်ရှားနိုင်အောင်၊ ကုသိုလ် မဖြစ်သေးဘူးဆိုရင်ဖြစ်အောင်၊ ဖြစ်လာတဲ့ကုသိုလ် ကိုယ့်သန္တာန်မှာ တိုးပွားလာအောင် လေးဖက်လေးတန်က ကြိုးစားတာကို **သမ္မာဝါယာမ**လို့ခေါ်တယ် ဟုတ်ကဲ့လား?

အကုသိုလ်မဝင်အောင် ဆို့ပိတ်ရမယ်၊ ဥပမာမယ် ဒေါသမထွက်သေးဘူးဆို မထွက်အောင်တား၊ ထွက်ပြီဆိုလို့ရှိရင်လည်း မြန်မြန်ဖယ်ရှားပစ်ရမယ်၊ ဒီလိုဆိုလိုတယ်။

မေတ္တာမပွားရသေးဘူးဆိုရင် မေတ္တာပွားဖို့ ကြိုးစားရမယ်၊ မေတ္တာပွားမိပြီဆိုရင် ပိုပြီးတော့ ပွားမိအောင်

ကြိုးစားရမယ်။ ဒါကို **သမ္မာဝါယာမ–** မှန်ကန်တဲ့ အားထုတ်မှုလို့ ပြောတာနော်။

အဲ- မှန်ကန်တဲ့ အားထုတ်မှုလုပ်ပြီ ဆိုလို့ရှိရင် **သမ္မာသတိ–** မှန်ကန်တဲ့ သတိထားမှု လိုအပ်တယ်။ မှန်ကန်တဲ့သတိထားမှုဆိုတာ ကိုယ့်ရဲ့ထွက်လေဝင်လေ လေးကို အာရုံစိုက်နေတာ ဟုတ်ကဲ့လား? ကိုယ့်ရဲ့ ခံစားချက်လေးကို အာရုံစိုက်နေတာ၊ ကိုယ့်ရဲ့အသိစိတ် လေးကို အာရုံစိုက်နေတာ၊ ကိုယ့်ရဲ့ ကြံတွေးတာကို အာရုံစိုက်တယ်။ စာလိုပြောရင် ကာယ ဝေဒနာ စိတ္တ ဓမ္မ လို့ဆိုတဲ့ သတိပဋ္ဌာန်တရားလေးပါး ပွားတာလို့ ပြောတယ်နော်။

နောက် **သမ္မာသမာဓိ** ဆိုတာကျတော့ သမာဓိ ရအောင် သမထကျင့်စဉ်တစ်ခုကို ကျင့်ပြီးတော့ သမာဓိ ထူထောင်ပြီးကာ့ပေးတာ **သမ္မာသမာဓိ**တဲ့။

အားလုံးပေါင်းလိုက်တဲ့အခါကျတော့ မဂ္ဂင်ရှစ်ပါး အကျင့်တရား။ အဲဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားသည်

**ဒုက္ခနိရောဓ** လို့ဆိုတဲ့ ဒုက္ခချုပ်ရာကို ရောက်စေတတ်တဲ့ အကျင့်ပဲတဲ့၊ အဲဒါကို ကျင့်ပါလို့ ဒီလိုပြောတာနော်။

မြတ်စွာဘုရားက ဟောဒီဇာတ်လမ်းကို ဟောပြီးတဲ့ အခါကျတော့ သစ္စာလေးပါးမှာလာတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုကျင့်မှ **ဒုက္ခနိရောဓ** ဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရမှာ။ **ဒုက္ခနိရောဓ** ဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ရောဂါဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ ရောဂါများခြင်းဆိုတဲ့ အပြစ်အနာအဆာတွေက လုံးဝလွတ်မှာ ဖြစ်ပါတယ်တဲ့။

ဒါကြောင့် ဟောဒီဇာတ်လမ်းအတိုင်း "စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ" ကို စံပြုပြီးတော့ မိမိတို့ဘဝမှာ ကိုယ်ကျင့်တရားကောင်းအောင် ကြိုးစားခြင်းဖြင့် နောက်ဆုံးမှာ နိဗ္ဗာန်ချမ်းသာထိ ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဗီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူ့ပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဓါဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ